# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှုဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှုဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၈၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၁/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၁/၂၀၂၂) ကျင်းပ

# သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး ဦးတည်ချက်ထားရှိပြီး စည်းလုံးညီညွတ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်

နေပြည်တော် ဇူလိုင် ၂၈

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့** *ဖတ် စ ရာ*

**အကြမ်းဖက်မှုနှင့် တော်လှန်ရေး** — ဆောင်းပါး | စာ - ၆

**အန်ဂိုလာ၌ ၁၇၀ ကာရက်ရှိ ရှားပါးလှသည့် ပန်းရောင်စိန်တုံးကြီးကို တူးဖော်တွေ့ရှိ** — နိုင်ငံတကာသတင်း | စာ -၁၄

**ဈေးကွက်ဖြန့်ဖြူးပြီးထုတ်ကုန်များ ASEAN-ROK Startup သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်** — ကုန်သွယ်စီးပွား | စာ -၁၆

**မန်းချောင်းရေလှောင်တမံနှင့် အိုင်းမဆည် ရေသောက်ဧရိယာအတွင်း စိမ်းလန်းလာတော့မည့် မိုးစပါးစိုက်ခင်းများ** — ဆောင်းပါး | စာ - ၂၀

# ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးမှု ဒေသခံပြည်သူများ လူမှုစီးပွားအကျိုးပြု

မြန်မာနိုင်ငံသည် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းများကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည့်အလျောက် ဒီရေတောပိုင်ဆိုင်မှု အနေဖြင့်လည်း ကမ္ဘာ့အဆင့်တွင် သတ္တမ၊ အာရှအဆင့်တွင် တတိယ အများဆုံးနိုင်ငံဖြစ်သည်။ ဒီရေတောများသည် အဖိုးတန်သဘာဝ သယံဇာတများဖြစ်သည်ကို သတိမပြုမိသူများက အများစုဖြစ်ရာ မိမိတို့နိုင်ငံတွင် ပိုင်ဆိုင်ထားသည့် ဒီရေတောများကို ရေရှည် တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပျက်စီးဆုံးရှုံး သွားသည့် ဒီရေတောများကို ပြန်လည်စိုက်ပျိုးပြုစုပျိုးထောင် ခြင်းများအား အလေးအနက်ထား ဆောင်ရွက်သွားရန် လိုအပ် လျက်ရှိသည်။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းကို အပိုင်းသုံးပိုင်း ပိုင်းခြားနိုင် သည်။ ပထမအပိုင်းမှာ နတ်မြစ်ဝမှ မော်တင်စွန်းအထိပါဝင်သော ရခိုင်ကမ်းရိုးတန်း၊ ဒုတိယအပိုင်းမှာ မော်တင်စွန်းမှ စစ်တောင်း မြစ်ဝအထိ ပါဝင်သော မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းနှင့် တတိယ အပိုင်းမှာ စစ်တောင်းမြစ်ဝမှ ဘုရင့်နောင်အငူအထိ ပါဝင်သော တနင်္သာရီကမ်းရိုးတန်းတို့ဖြစ်သည်။ အဆိုပါကမ်းရိုးတန်းဒေသ များနှင့် ပင်လယ်ကျွန်းများတွင် ဒီရေတောများ ပေါက်ရောက်လျက် ရှိရာ မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများမှာ ပျက်စီးပြုန်းတီးမှု အများဆုံးဖြစ်ပြီး ရခိုင်တွင် ဒုတိယအများဆုံးနှင့် တနင်္သာရီရှိ ဒီရေတောများတွင်လည်း ပျက်စီးမှုများရှိနေကြောင်း သတင်း များတွင် တွေ့ရသည်။ ဒီရေတောများ ပျက်စီးရသည့် အဓိက အကြောင်းများမှာ ဒီရေတောများမှ ထင်း၊ မီးသွေးများ ထုတ်ယူ ခြင်းနှင့် ဒီရေတောများကို ခုတ်ထွင်ရှင်းလင်းပြီး ပုစွန်ကန်၊ ငါးကန်၊ ဆားကွင်းနှင့် အခြားမြေအသုံးချမှုများ ပြုလုပ်ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

ဒီရေတောများ၏ သဘာဝပတ်ဝန်းကျင် အကျိုးပြုမှုများ သည် လူသားတို့အတွက် လွန်စွာပင် အရေးပါလှသည်။ ဒီရေတော တစ်ဟက်တာသည် တစ်နှစ်လျှင် ကာဗွန်မက်ထရစ်တန် ၁၇ တန် ကို စုပ်ယူထိန်းသိမ်းထားနိုင်သည့်အတွက် ကမ္ဘာကြီးပူနွေးလာမှု လျှော့ချရေးအတွက် လွန်စွာအရေးကြီးသည်။ ပင်လယ်မှလာသော မုန်တိုင်းဒီရေနှင့် ဆူနာမီလှိုင်းများကို ဒီရေတောများက ကြံ့ကြံ့ခံပြီး အရှိန်ကို လျှော့ချပေးနိုင်သလို မြစ်ချောင်းများမှ နုန်းပို့ချမှုများကို ခိုင်မြဲအောင် ထိန်းသိမ်းပေးသည့်အတွက် ကုန်းမြေကို ခိုင်ခံ့စေပြီး တိုးပွားစေသည်။ ဒီရေတောအပင်များ၏ အထက်ပိုင်းတွင် ငှက်များ မှီခိုနေထိုင်ကြပြီး ဒီရေတောမျောက်မျိုး များနှင့် တွားသွားသတ္တဝါများလည်း ရှင်သန်ကျက်စားကြသည်။ ဒီရေတောအောက်ပိုင်းများသည် ငါး၊ ပုစွန်၊ ကဏန်းကဲ့သို့သော ရေသတ္တဝါများ ပေါက်ပွားရေးအတွက် အရေးကြီးသော နေရာ များလည်းဖြစ်ရာ ဒီရေတောများ ပျက်စီးပြုန်းတီးပါက ငါး၊ ပုစွန်၊ ကဏန်းများလည်း ရှားပါးသွားလေ့ရှိသည်။

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ဧရိယာစုစုပေါင်း၏ ၃ ဒသမ ၉ ရာခိုင်နှုန်း(၁၁၀၇၇၄၅ ဧက) သည် ဒီရေတောများဖြစ်ပြီး ဒေသခံပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးတို့ကို အထောက် အကူပြုလျက်ရှိသည်။ ဒီရေတောများကို ပြန်လည်ထူထောင်မှု များ ပြုလုပ်ရာတွင် ကမ်းရိုးတန်းဒေသများရှိ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်းစီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော်လျက်ရှိရာ ဒေသခံပြည်သူများ၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုများ မြင့်မားသည်နှင့်အမျှ မြန်မာ့ကမ်းရိုးတန်း များတွင် ဒီရေတောများဖြင့် စိမ်းလန်းလှပနေမည့်အပြင် ငါးပုစွန် သယံဇာတများ ပေါများကာ ဒေသခံပြည်သူများကို တိုက်ရိုက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။ ။

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ် စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြု လက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ် လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံး ပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြား အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာများ၊ ပြည်တွင်းပုဂ္ဂလိကမီဒီယာများနှင့် ပြည်တွင်းအခြေစိုက် ပြည်ပ သတင်းမီဒီယာများအနေဖြင့် သတင်းများရယူရာတွင် အဆင်ပြေ ချောမွေ့စေရေးနှင့် သတင်းစာရှင်းလင်းပွဲများအပါအဝင် အခမ်းအနား များဖိတ်ကြားရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် သတင်း မီဒီယာသမားအသိအမှတ်ပြုကတ်ပြားများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စိစစ်၍ ခွင့်ပြုထုတ်ပေးလျက်ရှိ ပါသည်။

သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြားများကို ၂၀၂၁ ခုနှစ်၊ မတ်လမှစတင်၍ ထုတ်ပေးခဲ့ရာ သက်တမ်း (၁)နှစ် သတ်မှတ် ထားရှိခဲ့ပါသည်။ သက်တမ်းကုန်ဆုံးနေပါက သတင်းမီဒီယာသမား များ အသိအမှတ်ပြုကတ်ပြားများကို အသစ်လဲလှယ်ရမည် ဖြစ်ပါ သည်။

သတင်းမီဒီယာသမားအသိအမှတ်ပြုကတ်ပြား သက်တမ်း ကုန်ဆုံးပါက သတ်မှတ်ပုံစံနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြာရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အသိအမှတ်ပြုကတ်ပြား အသစ်လဲလှယ်နိုင်ရေး လာရောက်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန




နေပြည်တော် တပ်ကုန်းမြို့ မြို့မဈေး ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၀-၂၀၂၁/ ၂၀၂၁-၂၀၂၂ ခုနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၂၈ ရက်က မြို့မဈေးဓမ္မာရုံ၌ ကျင်းပရာ ၂၀၂၁ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် အသင်းသားမိသားစုများမှ ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်သူ ငါးဦးအား အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းက ဆုများ ပေးအပ်ချီးမြှင့်စဉ်။
တင်ထွန်းတာ (တပ်ကုန်း)

## အညာ ပုဂံရထားများ ပြန်လည်ပြေးဆွဲရန် ဒေသခံများလိုလား

နွားထိုးကြီး ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ကို အစုန်အဆန် ဖြတ်သွား သော မီးရထားများ ရပ်နားထားသည်မှာ နှစ်ချီကြာမြင့်နေ၍ မီးရထား များ ပြန်လည်ပြေးဆွဲပေးရန် ဒေသခံများက လိုလားနေကြသည်။

ယခုလို စက်သုံးဆီဈေးတက်၊ ကားခများ မြင့်တက်နေချိန်တွင် မြန်မာ့မီးရထားကို ပြန်လည်တမ်းတနေကြခြင်းဖြစ်ရာ မန္တလေး - မြင်းခြံ ကားခ ကျပ် ၇၀၀၀၊ မြင်းခြံ - နွားထိုးကြီး ကားခ ကျပ် ၂၀၀၀၊ မြင်းခြံ - မြို့သာ ကားခ ကျပ် ၅၀၀၀ စသဖြင့် ကားခဈေးမြင့်နေချိန် မြင်းခြံ - မန္တလေး ရထားခ ကျပ် ၁၅၀၀၊ မြင်းခြံ - နွားထိုးကြီး ကျပ် ၃၀၀၊ မြင်းခြံ - မြို့သာ ကျပ် ၅၀၀ သာပေးရ၍ ဈေးချိုသော မြန်မာ့ မီးရထားကို မျှော်နေကြခြင်းဖြစ်သည်။

မြင်းခြံ - မြို့သာ ခေါက်ပြန် ကားရထား၊ ပုဂံ-မန္တလေး လော်ကယ်၊ ပုဂံ-မန္တလေး အမြန် စသဖြင့် အစုန်အဆန်ရထားခြောက်စင်းပြေးဆွဲ စဉ်က ဒေသခံများ အဆင်ပြေခဲ့သည်။ ဈေးသက်သာ၍ ကျောင်းသား၊ ဝန်ထမ်း၊ သံဃာတော်များ မီးရထားစီးနိုင်ခဲ့ကြ၍ အညာမီးရထားများ ပြန်လည်ပြေးဆွဲပေးရန် လိုလားနေကြခြင်းဖြစ်သည်။ (၀၁၈)

❖ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးကြရန်နှင့် ပြန်လည်ပြင်ဆင်ရေးဆွဲပြီးဖြစ်သည့် ၂၀၀၉ ခုနှစ် သဘာဝဘေးစီမံခန့်ခွဲမှု တည်မြဲအမိန့်ကို ဆွေးနွေးအတည်ပြုနိုင်ရန်ဖြစ်ကြောင်း။

**အချိန်တိုင်းအဆင်သင့်ဖြစ်နေရန်လို**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် စတင်တာဝန်ယူချိန်မှ ယနေ့အထိဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကဏ္ဍအလိုက် နိုင်နင်းစွာ တာဝန်ယူဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေး၊ နေရာမရွေး၊ လူမျိုးမရွေးဘဲ ရင်ဆိုင်ကြုံတွေ့ရနိုင်သည်ဖြစ်၍ ကြိုတင်တွက်ဆပြီး အချိန်တိုင်းအဆင်သင့်ဖြစ်နေရန် လိုအပ်ကြောင်း။

ကမ္ဘာတွင် ပြောင်းလဲဖြစ်ပေါ်လာနေသည့် သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝများကို မျက်ခြည်မပြတ် လေ့လာနေရန် လိုအပ်သကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ရာသီကာလအလိုက်၊ ဒေသအလိုက်ခန့်မှန်းပြီး မိမိတို့တွင်ရှိပြီးဖြစ်သော ရရှိနိုင်သောစွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးသော အစီအမံများကို အမြဲတစေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

**အဆင့်ဆင့်သော စီမံခန့်ခွဲမှုစနစ်ကို ထူထောင်**

သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခိုင်မာသော ဖွဲ့စည်းတည်ဆောက်မှု၊ လုပ်ငန်းစနစ်ကောင်းမွန်မှု၊ စုစည်းညီညွတ်သည့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်မှုတို့သည် မရှိမဖြစ်လိုအပ်ကြောင်း၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စု

**"အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် စတင်တာဝန်ယူချိန်မှ ယနေ့အထိဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကဏ္ဍအလိုက် နိုင်နင်းစွာ တာဝန်ယူဖြေရှင်းဆောင်ရွက်နိုင်ခဲ့၊ သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေး၊ နေရာမရွေး၊ လူမျိုးမရွေးဘဲ ရင်ဆိုင်ကြုံတွေ့ရနိုင်သည်ဖြစ်၍ ကြိုတင်တွက်ဆပြီး အချိန်တိုင်းအဆင်သင့်ဖြစ်နေရန် လိုအပ်"**

အဆင့် စသည်ဖြင့်အဆင့်ဆင့်သော စီမံခန့်ခွဲမှုစနစ်ကို ထူထောင်ထားရမည်ဖြစ်ပြီး အဆင့်တိုင်းတွင်လည်း မူဝါဒများ၊ စီမံချက်များ၊ SOP များ ပြည့်စုံနေရန် လိုအပ်ကြောင်း။

**အားလုံးလိုက်ပါဆောင်ရွက်နိုင်ရန်လို**

မြို့နယ်အဆင့်မှ ပြည်ထောင်စုအဆင့်အထိ အဆင့်တိုင်း၏ ဆောင်ရွက်ချက်များကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည်ဌာန၊ အဖွဲ့အစည်းတစ်ခုတည်း၏ လုပ်ငန်းတာဝန်မဟုတ်ဘဲ ဌာန၊ အဖွဲ့အစည်းများစွာအပြင် ပြည်သူလူထုပါပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ သာမန်ထက်ပိုမိုစနစ်ကျသော စီမံခန့်ခွဲမှုပုံစံဖြစ်ရန် လိုကြောင်း၊ အားလုံးလိုက်ပါဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လုပ်ငန်းနယ်ပယ်အလိုက် တစ်ဦးချင်းကျွမ်းကျင်မှု၊ အဖွဲ့အလိုက်ကျွမ်းကျင်မှု၊ ဘာသာရပ်ဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ ရှိနေရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကောင်းမွန်ရေး ဆောင်ရွက်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည် မြင့်မားရေး၊ ဝန်ထမ်းများ၏ စိတ်ဓာတ်ခွန်အား မြင့်မားရေးတို့ကိုလည်း အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရပ်ရွာလူထုနှင့် တိုက်ရိုက်ထိတွေ့ရပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ပိုမိုအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာ စီမံချက်များပါအတိုင်း ကြိုတင်ပြင်ဆင်စုဖွဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်နှင့် သဘာဝဘေးဖြစ်ပွားလာပါက အန္တရာယ်ကို ကျော်လွှားနိုင်ရန် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်သူလူထု၊ အထောက်အကူပြုပရဟိတအဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အဦ၊ အသုံးပြုနိုင်မည့် ပစ္စည်းကိရိယာများကို ဖော်ထုတ်သိရှိပြီး လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရမည်ဖြစ်ကြောင်း၊ ထို့အတူ သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်မည့် စွမ်းအားစုများ အမြဲအဆင့်သင့်ဖြစ်နေစေရေး ဆောင်ရွက်ထားပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ထားရန်နှင့် လူအင်အား၊ ပစ္စည်းအင်အားများကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

**ပိုမိုသတိပြု ပူးပေါင်းပါဝင်ဆောင်ရွက်**

သဘာဝဘေးအန္တရာယ်များ လျော့ပါးရေးအတွက် သဘာဝဘေးစီမံခန့်ခွဲမှုအပိုင်းတွင် တာဝန်ယူနေသူများသာမက ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေမည်ဖြစ်၍ ပြည်သူလူထု ပိုမိုသတိပြု ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် နှစ်စဉ် အောက်တိုဘာ ၁၃ ရက်တွင် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပလျက်ရှိကြောင်း၊ ၂၀၂၁ခုနှစ်တွင် **"ဒို့ကမ္ဘာမြေကို ထိန်းသိမ်းဖို့၊ တွဲလက်ခိုင်မာ ပူးပေါင်းစို့"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း အလားတူ အထိမ်းအမှတ်အခမ်းအနားကို အောင်မြင်စွာကျင်းပပြီး ပြည်သူများသဘာဝဘေး အသိပညာများ တိုးပွားလာနိုင်စေရေးနှင့် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာနိုင်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့် ပြင်ဆင်ရေးဆွဲခဲ့မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုကြောင်း၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတုံ့ပြန်ဆောင်ရွက်မှုမှ ရရှိခဲ့သည့်အတွေ့အကြုံများကို အခြေခံ၍ သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့် (၂၀၀၉) ကို ရေးဆွဲထုတ်ပြန်အသုံးပြုခဲ့ကြောင်း၊ အဆိုပါတည်မြဲအမိန့်ကို အသုံးပြုဆောင်ရွက်ခဲ့သည်မှာ အချိန်ကာလ ၁၂ နှစ် ကျော်ခန့်ရှိလာပြီဖြစ်၍ လက်ရှိကာလ ကမ္ဘာတွင် သဘာဝဘေးဖြစ်ပွားမှု အခြေအနေများ၊ စီမံခန့်ခွဲမှုစနစ်များနှင့် နည်းပညာပြောင်းလဲ တိုးတက်နေမှုများအပေါ် ပြန်လည်သုံးသပ်မှုအရ ၂၀၀၉ ခုနှစ်က ထုတ်ပြန်ခဲ့သည့်တည်မြဲအမိန့်ကို ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း။

**နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီ**

တည်မြဲအမိန့်တွင် လုပ်ငန်းကော်မတီ (၁၂) ရပ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းတာဝန်များ၊ တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဦးတည်ရေးဆွဲရန် စဉ်းစားသုံးသပ်ခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဇွန်လမှစ၍ ကာကွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပါဝင်ရေးဆွဲမှု၊ အကြံပြုသဘောထားမှတ်ချက်များနှင့် ရေးဆွဲဆောင်ရွက်ခဲ့ပြီး သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများကို မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်ကာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ ၂၀၂၂ ခုနှစ် သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့် (မူကြမ်း) ကို ကာကွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာလုပ်ငန်း ကော်မတီများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ သဘောထားမှတ်ချက်များ ရယူပြင်ဆင်ပြီးဖြစ်၍ ယနေ့အစည်းအဝေးတွင် လိုအပ်သလို ဆွေးနွေးပြီးပါက အတည်ပြုရန်လိုအပ်ပြီး အတည်ပြုပြီးပါက ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်ကာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးသို့ ဆက်လက်ဖြန့်ဝေ စတင်အသုံးပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**တည်မြဲအမိန့်နှင့် ကိုက်ညီမှုရှိရေး ပြန်လည်စိစစ်**

လုပ်ငန်းကော်မတီများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ရေးဆွဲထားပြီးဖြစ်သည့် သဘာဝဘေးစီမံချက်များကို ယခု ၂၀၂၂ ခုနှစ် တည်မြဲအမိန့်နှင့် ကိုက်ညီမှုရှိရေး ပြန်လည်စိစစ်ကြရန်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ နားလည်သိရှိထားပြီး ရည်ညွှန်းကိုးကားဆောင်ရွက်နိုင်ရေး ထပ်ဆင့်ရှင်းလင်းဆွေးနွေးထားကြရမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို အဆင့်တိုင်း၊ ကဏ္ဍတိုင်းတွင် အရေးကိစ္စတစ်ခုအနေဖြင့် အလေးအနက်ထား ဆောင်ရွက်ရန်နှင့် ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ကြရန်လိုကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် တစ်ဦး၊ တစ်ယောက်ချင်း အဖွဲ့အစည်းတစ်ခုချင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများမဟုတ်ဘဲ အားလုံးပေါင်းစည်းဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ တာဝန်ခွဲဝေယူမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများ အားကောင်းနေရန်လိုကြောင်း။

- ❑ ကမ္ဘာတွင် ပြောင်းလဲဖြစ်ပေါ်လာနေသည့် သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝများကို မျက်ခြည်မပြတ် လေ့လာနေရန် လိုအပ်သကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ရာသီကာလ အလိုက်၊ ဒေသအလိုက်ခန့်မှန်းပြီး မိမိတို့တွင်ရှိပြီးဖြစ်သော ရရှိနိုင်သော စွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးသော အစီအမံများကို အမြဲတစေကြိုတင်ပြင်ဆင်ဆောင်ရွက်
- ❑ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခိုင်မာသော ဖွဲ့စည်းတည်ဆောက်မှု၊ လုပ်ငန်းစနစ်ကောင်းမွန်မှု၊ စုစည်းညီညွတ်သည့် ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်မှုတို့သည် မရှိမဖြစ်လိုအပ်
- ❑ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် စသည်ဖြင့်အဆင့်ဆင့်သော စီမံခန့်ခွဲမှုစနစ်ကို ထူထောင်ထားရမည်ဖြစ်ပြီး အဆင့်တိုင်းတွင်လည်း မူဝါဒများ၊ စီမံချက်များ၊ SOP များ ပြည့်စုံနေရန်လို

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

> ❍ **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို အဆင့်တိုင်း၊ ကဏ္ဍတိုင်းတွင် အရေးကိစ္စတစ်ခုအနေဖြင့် အလေးအနက်ထား ဆောင်ရွက်ရန်နှင့် ပူးပေါင်းတာဝန်ယူ ဆောင်ရွက်**
>
> ❍ **သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် တစ်ဦး၊ တစ်ယောက်ချင်း အဖွဲ့အစည်းတစ်ခုချင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများမဟုတ်ဘဲ အားလုံးပေါင်းစည်း ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ တာဝန်ခွဲဝေယူမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများ အားကောင်းနေရန်လို**

လုပ်ငန်းကော်မတီအသီးသီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ယူထားရသည့် ဒေသ၊ လုပ်ငန်းကဏ္ဍများအလိုက် ပိုမိုကောင်းမွန်ထိရောက်သော သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး ဦးတည်ချက်ထားရှိပြီး စည်းလုံးညီညွတ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒေါက်တာ သက်သက်ခိုင်တို့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင် က အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး (၂/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတည်မြဲအမိန့်-၂၀၂၂ (မူကြမ်း) ပြုစုထားရှိမှုတို့ကို တင်ပြအတည်ပြုချက် ရယူသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင် က အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ရရှိ/သုံးစွဲ/လက်ကျန်စာရင်းများကို ရှင်းလင်းတင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သဘာဝဘေး စီမံခန့်ခွဲရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်နိုင်ရေးဆောင်ရွက်ထားရှိမှု၊ သဘာဝဘေး ဖြစ်ပွားမှုများနှင့် ထောက်ပံ့ပေးမှု၊ သဘာဝဘေးအသိပညာပေး ဆောင်ရွက်မှုများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး(၁/၂၀၂၂) ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြအတည်ပြုချက် ရယူသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဘက်စုံထူးချွန်ဆုရရှိသူများအား ဂုဏ်ပြု



**နေပြည်တော် ဇူလိုင် ၂၈**

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ – ၂၀၂၂ ပညာသင်နှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဘက်စုံထူးချွန်ဆုရရှိသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်း/စစ်ဌာနချုပ်တို့၌ ကျင်းပကြရာ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆု ရရှိသူများနှင့် ဒုတိယအောင်ချက်အကောင်းဆုံး ဆုရရှိသည့် ကျောင်းတို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြု မှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)** ယင်းနောက် ထူးချွန်ဆုရ စစ်သည်များ၊ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကြသည်။

ဆုချီးမြှင့်ပွဲများ အပြီးတွင် ဆုရစစ်သည်များနှင့် ကျောင်းသား ကျောင်းသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

အနောက်မြောက် တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် (၂၆) ကြိမ်မြောက် တိုင်းမှူး တံခွန်စိုက်ဒိုင်း ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင်



တိုင်းစစ်ဌာနချုပ်၊ အားကစားကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသည့် မုံရွာတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

အဆိုပါ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဇူလိုင် ၂၂ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တောင်ကုတ်မြို့ အစိုးရအမှုထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**တောင်ကုတ် ဇူလိုင် ၂၈**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ အစိုးရအမှုထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်က ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁–၂၀၂၂ Mini Budget တို့အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်အစားထိုးရွေးချယ်ပွဲ အခမ်းအနားကို အ–ထ–က (၁) ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် သမဝါယမအသင်းစု အမှုဆောင်အဖွဲ့၊ အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသား အသင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးစံရွှေသာနှင့် မြို့နယ်အဆင့်ဖွဲ့စည်းရေးကော်မတီ ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁ – ၂၀၂၂ Mini Budget တို့အတွက် အစီရင်ခံစာများကို အမှုဆောင်ဦးဇော်မင်းထွန်းနှင့် စာရင်းစစ် အစီရင်ခံစာကို ဦးသူရတို့က ဖတ်ကြားပြီးနောက် ယင်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားရှင်းလင်းခဲ့ပြီး တက်ရောက်လာသော အသင်းသား အသင်းသူများ၏ အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ သဘာပတိအဖြစ် မြို့နယ်ဖွဲ့စည်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးနိုင်က အသင်းအမှုဆောင် အစားထိုးရွေးချယ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လစ်လပ်လျက်ရှိနေသော ဒုတိယဥက္ကဋ္ဌနေရာကို အဆိုပြုခြင်း၊ ထောက်ခံခြင်းများဖြင့် ရွေးချယ်ခဲ့သည်။ ထို့နောက် အမှုဆောင်အဖွဲ့က တာဝန်ခွဲဝေပြီး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြပြီး အသင်းမှ အသင်းသား ပြည်သူများအား စုဆောင်းငွေအပေါ်အတိုးငွေကျပ်သိန်း ၆၁၂ ဒသမ ၂၂၃ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေ ခုနစ်စီးဖြင့် Mask ၄၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# အဆင့်မြင့်စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ သင်တန်းများကို ရာထူးအဆင့်အလိုက် အခြေခံမှစ၍ အဆင့်မြင့်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေးအစီအစဉ် (Knowledge Sharing Program-KSP) အရ ကျင်းပသည့် ဆွေးနွေးပွဲအမှတ်စဉ် (၁၈) ကို ယနေ့ မွန်းလွဲပိုင်းက "အဆင့်မြင့်အရာရှိကြီးများ၏ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ စီမံခန့်ခွဲမှုသင်တန်းများမှ လေ့လာသိရှိမှုများ" ခေါင်းစဉ်ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က နိုင်ငံတိုင်းတွင် ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန် လေ့ကျင့်သင်ကြားရေး တက္ကသိုလ်များ၊ သင်တန်းကျောင်းများကို တည်ထောင်၍ လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံ့ဝန်ထမ်းများ ဥပဒေနှင့်အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာတတ်စေရန်၊ ဝန်ထမ်းစည်းမျဉ်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းများကို အခြေခံမှစ၍ သိရှိနားလည် လိုက်နာဆောင်ရွက်နိုင်စေရန်၊ နိုင်ငံကြီးသားပီသစွာ ပြုမူဆက်ဆံတတ်စေရန်၊ စုပေါင်းနေထိုင်ဆောင်ရွက်တတ်စေရန် စသည့် အခြေခံအရည်အချင်းများ ပြည့်ဝစေရန်သာမက အဆင့်မြင့်အရာထမ်းကြီးများအတွက် အဆင့်မြင့်စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ သင်တန်းများကို ရာထူးအဆင့်အလိုက် အခြေခံမှစ၍ အဆင့်မြင့်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

**ဗဟုသုတများစွာရရှိမည်**

အဆင့်မြင့်အရာရှိကြီးများ၏ စီမံခန့်ခွဲမှုသင်တန်းများသည် နိုင်ငံတော်၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးအမြင်များပြည့်ဝစွာဖြင့် ထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်နိုင်စေရန် လေ့ကျင့်သင်ကြားပေးသည့် သင်တန်းများဖြစ်ပါကြောင်း၊ သို့ပါ၍ ယနေ့ဆွေးနွေးပေးမည့် အဆင့်မြင့် အရာရှိကြီးများ၏ စီမံခန့်ခွဲမှုသင်တန်းများမှ လေ့လာသိရှိခဲ့ရသည့် အတွေ့အကြုံများသည် ဆွေးနွေးပွဲတက်ရောက်သူများအတွက် အသိပညာ၊ ဗဟုသုတများစွာရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေး**

ထို့နောက် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ခင်သီက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၌ လေ့လာသိရှိခဲ့ရသော ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်တွင်း/ပြင်ပပညာရှင်များ၏ ပညာရပ်ဆိုင်ရာ ဆွေးနွေးပို့ချမှုများနှင့် သင်တန်းမှရရှိခဲ့သည့် အတွေ့အကြုံ၊ ဗဟုသုတများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကချင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းကြည်နှင့် ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်ထွေးရီတို့ကလည်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းမှ လေ့လာသိရှိခဲ့ရသော ဗဟုသုတများ၊ အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝမြေသြဇာထုတ်လုပ်သည့်လုပ်ငန်းများကို အားပေးကူညီခြင်းများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်

**နေပြည်တော် ဇူလိုင် ၂၈**

မြေသြဇာကော်မတီ (၃၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စိုက်ပျိုးသီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်၊ တောင်သူများ အရည်အသွေးပြည့်ဝသော မြေသြဇာများကို ဈေးနှုန်းသက်သာစွာဖြင့် သုံးစွဲနိုင်ရန်အတွက် နိုင်ငံတော်က ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများ ပါဝင်သော ယူရီးယားမြေသြဇာ ဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနကလည်း ယူရီးယား ခွဲတမ်းသတ်မှတ်ရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝမြေသြဇာ ထုတ်လုပ်မှုပံ့ပိုးရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF)နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာကို သဘာဝမြေသြဇာများဖြင့် တွဲဖက်အသုံးပြု၍ သီးနှံအထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးခြင်း၊ လက်တွေ့ဆောင်ရွက်ပြသခြင်း၊ ပံ့ပိုးပေးခြင်း၊ သဘာဝမြေသြဇာ ထုတ်လုပ်သည့် လုပ်ငန်းများကို အားပေးကူညီခြင်းများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြေသြဇာကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြပြီး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် သုံးသပ်ဆွေးနွေးကြသည်။

ထို့ပြင် အစည်းအဝေး၌ စိုက်ပျိုးရေး လုပ်ငန်းများတွင် ရွက်ဖျန်းမြေသြဇာအဖြစ် အသုံးပြုနေသော ပိုတက်စီယမ်နိုက်ထရိတ်ဓာတ်မြေသြဇာနှင့် ထိန်းချုပ်ဓာတု ပစ္စည်းစာရင်း၌ ပါဝင်ပြီး ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ပါယူရမည့် ကွန်ပေါင်းမြေသြဇာများ ထုတ်လုပ်ရာတွင် အသုံးပြုနေသော Ammonium Chloride ဓာတ်မြေသြဇာ ထောက်ခံချက်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မြေသြဇာထုတ်လုပ်ခွင့် လျှောက်လွှာ ၁၁၅ စောင်၊ မြေသြဇာတင်သွင်းခွင့် လျှောက်လွှာ ၂၄၃ စောင်၊ မြေသြဇာမှတ်ပုံတင် သက်တမ်းတိုးခြင်း၊ ပယ်ဖျက်ခြင်း၊ ဖျက်သိမ်းခြင်း လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးဆောင်ရွက်ခဲ့ကြပြီး မြေသြဇာကော်မတီ (၃၅) ကြိမ်မြောက် အစည်းအဝေးအထိ မြေသြဇာမှတ်ပုံတင် စုစုပေါင်း ၈၂၀၅ စောင်ကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၁ ဒသမ ၉၉ လက်မ၊ မိုးမိတ်(မြစ်ဆုံ) တွင် ၁ ဒသမ ၈၇ လက်မ၊ မချမ်းဘောမြို့နှင့် ပင်လောင်းမြို့တို့တွင် ၁ ဒသမ ၇၈ လက်မစီ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၅၅ လက်မ၊ မိုးညှင်းမြို့နှင့် တောင်ကြီးမြို့တို့တွင် ၁ ဒသမ ၃၆ လက်မစီ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၂၈ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၂၄ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများပေးအပ်

**နေပြည်တော် ဇူလိုင် ၂၈**

နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်များ၌ နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ ပေးအပ်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့မွန်းလွဲပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# အကြမ်းဖက်မှုနှင့် တော်လှန်ရေး

ဇင်ငြိမ်း

**အကြမ်းဖက်ဝါဒ**

အကြမ်းဖက်ဝါဒနှင့် တော်လှန်ရေးဆိုသည့် သဘောသည် အနှစ်သာရအားဖြင့်ဖြစ်စေ၊ အသွင်သဏ္ဌာန်အားဖြင့်ဖြစ်စေ၊ ရည်ရွယ်ချက်အားဖြင့် ဖြစ်စေ ကွဲပြားခြားနားပါသည်။ အကြမ်းဖက်ဝါဒအား နိုင်ငံတကာဥပဒေအရ ရှင်းလင်းတိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိပါ။ ယင်းသည် နိုင်ငံရေးနှင့် အယူအဆဆိုင်ရာ အဓိပ္ပာယ်များရှိပါသည်။ အကြမ်းဖက်ဝါဒနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ ဖွင့်ဆိုချက်များရှိသော်လည်း နိုင်ငံများက အကြမ်းဖက်ဝါဒ ဖွင့်ဆိုချက်အပေါ် သဘောတူညီမှုမရရှိသေးချေ။

၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်က လက်မှတ်ရေးထိုးခဲ့သည့် အကြမ်းဖက်မှုဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့မှုရပ်ဆိုင်းရေး နိုင်ငံတကာသဘောတူစာချုပ်တွင် အကြမ်းဖက်ဝါဒကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့နောက် ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၁၅၆၆ တွင် အဆိုပါအဓိပ္ပာယ် ဖွင့်ဆိုချက်ကို ပြင်ဆင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် အကြမ်းဖက်ဝါဒကို အဓိပ္ပာယ်ဖွင့်ဆိုသည့် ဆုံးဖြတ်ချက်အမှတ် ၆၀/၄၃ ကို ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုခဲ့ပါသည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အများသူငါ၊ လူအုပ်စုတစ်ခု သို့မဟုတ် လူတစ်ဦးချင်းစီအား နိုင်ငံရေးရည်ရွယ်ချက်များအတွက် ကြောက်မက်ဖွယ် အခြေအနေဖြစ်စေရန် ရည်ရွယ်သော သို့မဟုတ် စနစ်တကျစီစဉ်လုပ်ဆောင်သော ရာဇဝတ်မှုဆိုင်ရာ လုပ်ဆောင်မှုများဟု ဖွင့်ဆိုထားပါသည်။


မြန်မာနိုင်ငံတွင် အကြမ်းဖက်ဆိုင်ရာ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၄) အခန်း(၁) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)တွင် အကြမ်းဖက်မှုဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ပြုလုပ်မှုနှင့် ပြုလုပ်ရန်ပျက်ကွက်မှုများကို ဆိုသည်ဟု ၁၁ ချက် ဖော်ပြထားပါသည်။

ယင်းပြဋ္ဌာန်းထားချက်များတွင် ကုလသမဂ္ဂမှ ဖွင့်ဆိုထားသည့် အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကိုမပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကို ဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများဆိုသည့် ဖွင့်ဆိုချက်ပါဝင်သည်ကို တွေ့ရပါသည်။

**တော်လှန်ရေး**

တော်လှန်ရေးဆိုသည့် စကားရပ်သည် လက်တင်ဘာသာစကား revolution အလှည့်၊ ပြန်လှည့်သည်ဆိုသည့်စကားရပ်မှ ဆင်းသက်လာသည်ကို တွေ့ရပါသည်။ နိုင်ငံရေးသိပ္ပံတွင် တော်လှန်ရေးဆိုသည်မှာ အစိုးရအပေါ် ပြည်သူလူထုက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများ မကျေနပ်မှုကြောင့် နိုင်ငံရေးအာဏာနှင့် နိုင်ငံရေးအဖွဲ့အစည်းများတွင် အပြောင်းအလဲလုပ်ဆောင်ခြင်းဟု တွေ့ရှိရသည်။ ယင်းသို့ ပြောင်းလဲရာတွင် မတူညီသောနိုင်ငံရေးစနစ်များသို့ ပြောင်းလဲရန်

ကျော်မင်းယု(ခ) ဂျင်မီ ဦးဆောင်သော Moon Light Operation အကြမ်းဖက်အုပ်စု ဖွဲ့စည်းမှု အခြေပြဇယား




❒ **ယနေ့ မြန်မာနိုင်ငံအတွင်း လုပ်ဆောင်နေသည့် အကြမ်းဖက်ဝါဒကို ဦးဆောင်သူများသည် သူတို့ကိုယ်တိုင်မှာ အန္တရာယ်လွတ်မြောက်ရာ နေရာများတွင် နေထိုင်၍ ပြည်တွင်းရှိလူငယ်များကို အသုံးချနေကြပါသည်။ ပြည်သူအချင်းချင်း ရန်တိုက်၍ သတ်ဖြတ်ခိုင်းခြင်း၊ ပညာရေးအား ဖျက်ဆီးခြင်း၊ ဘာသာတရားအား ဖျက်ဆီးခြင်းများ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်**

အတွက်အများအားဖြင့်ဆန့်ကျင်ဆန္ဒပြခြင်း၊ အင်အားအသုံးပြုခြင်းနှင့် စစ်ပွဲနည်းလမ်းများကို အသုံးပြုလေ့ရှိကြပါသည်။ ဆန့်ကျင်ဆန္ဒပြခြင်း၊ အင်အားအသုံးပြုခြင်းနှင့် စစ်ပွဲနည်းလမ်းများ အသုံးပြုရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များ ရှိပါသည်။

**မတူညီမှု**

အကြမ်းဖက်မှုလုပ်ရပ်နှင့် တော်လှန်ရေးအသွင်တို့၏ ရည်ရွယ်ချက်နှင့် လုပ်ကိုင်ပုံတို့သည် များစွာကွဲပြားခြားနားကြပါသည်။ အနီးစပ်ဆုံး ဥပမာအဖြစ် တည်ဆဲအစိုးရတစ်ရပ်အား တော်လှန်ခဲ့ကြသည့် ထိုင်းနိုင်ငံတွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့် သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှစ်ခုတွင် တွေ့နိုင်ပါသည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်းက ထိုင်းဘုရင်၏သြဇာအာဏာကို ကန့်သတ်ရန်အတွက် အင်အားသောင်းနှင့်ချီသောလူထုက ဘုရင်စနစ်ပြုပြင်ပြောင်းလဲရေးအပါအဝင် အခြားတောင်းဆိုမှုများဖြင့် ဘန်ကောက်မြို့တွင် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမှုများကို နေ့စဉ်ရက်ဆက် ပြုလုပ်ခဲ့ကြသည်။ သို့သော် ထိုဆန္ဒပြမှုများတွင် အကြမ်းဖက်မှုပုံစံများ ပါဝင်ခြင်းမရှိဘဲ နိုင်ငံရေးရည်မှန်းချက်နှင့် တောင်းဆိုမှုများရရှိရေးကိုသာ ဦးတည်သည်ကို တွေ့ရပါသည်။

အလားတူပင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့က သီရိလင်္ကာနိုင်ငံတွင် ထောင်ချီသည့် ဆန္ဒပြသူများသည် မြို့တော် ကိုလံဘိုတွင်ရှိသည့် သမ္မတအိမ်တော်ဝင်းကို ဝင်စီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ ထိုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သည့် အသွင်ပုံစံများကို မတွေ့ရှိရဘဲ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ လိုလားချက်များကိုသာ တောင်းဆိုခဲ့သည်ကိုတွေ့ရပါသည်။ ယင်းဖြစ်စဉ်နှစ်ခုသည် တော်လှန်ရေးအသွင်ပုံစံဖြင့် တွေ့မြင်ရပြီး လူထုက ၎င်းတို့လိုလားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ရည်ရွယ်ချက်များကိုသာ တောင်းဆိုခဲ့ကြကာ ရည်ရွယ်ချက်နှင့်မသက်ဆိုင်သည့် ပြည်သူပိုင်အဆောက်အအုံများ ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ မီးရှို့ခြင်း၊ လမ်းတံတားများ မိုင်းခွဲခြင်း စသည့်ဥပဒေမဲ့ လုပ်ရပ်များမပါဝင်သည်ကို တွေ့ရပါသည်။

**သို့သော်လည်း တော်လှန်ရေးခေါင်းစဉ်အောက်တွင် မိမိတို့လိုလားသော နိုင်ငံရေး ရည်မှန်းချက်နှင့် သွေဖည်ကာ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများကို မီးရှို့ခြင်း၊ စာသင်ကျောင်းများကို မီးရှို့၍ ဆရာ ဆရာမများကို ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်း စသောလုပ်ရပ်များသည် ဥပဒေချိုးဖောက်သော ရာဇဝတ်မှုများဖြစ်၍ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ကြပါသည်။**

၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် သတင်းတစ်ပုဒ် ဖတ်ရှုရပါသည်။ သတင်းမှာ ဂျပန်နိုင်ငံတွင် လူခုနစ်ဦးအား သတ်ခဲ့သည့် တရားခံကို ဇူလိုင်လ ၂၆ ရက်နေ့က သေဒဏ်ပေးလိုက်သည့် သတင်းဖြစ်ပါသည်။ ယင်းဖြစ်စဉ်တွင် ၂၀၀၈ ခုနှစ် ဇွန်လက ကာတိုတိုမိုဟီရိုဆိုသူသည် ဈေးဝယ်များဖြင့် စည်ကားနေသည့် လူအုပ်အတွင်း ထရပ်ကားဖြင့် ဝင်တိုက်ပြီးနောက် လမ်းသွားလမ်းလာများကို ဓားဖြင့်ထိုးခဲ့သဖြင့် အပြစ်မဲ့လူခုနစ်ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိစေခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး တရားခံ၏ အယူခံကို တရားရုံးချုပ်ကပယ်ချခဲ့ပါသည်။ တရားခံကျူးလွန်ခဲ့သောပြစ်မှုမှာ သက်ညှာရန်မရှိကြောင်း တရားသူကြီးက ပြောခဲ့ပြီး ဇူလိုင်လ ၂၆ ရက်နေ့တွင် တရားခံအား သေဒဏ်စီရင်ခဲ့ပါသည်။ ယင်းမှာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် အကြမ်းဖက်သူတစ်ဦးကို သေဒဏ်ပေးခြင်းကိုကြည့်လျှင် အကြမ်းဖက်လုပ်ရပ်များနှင့် အကြမ်းဖက်ဝါဒကို မည်သည့်နိုင်ငံကမျှလက်မခံသည်ကို တွေ့ရမည်ဖြစ်သည်။

အထက်ပါဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် တော်လှန်ရေးနှင့် အကြမ်းဖက်ဝါဒသည် ပြဒါးတစ်လမ်း သံတစ်လမ်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

**တော်လှန်ရေးခေါင်းစဉ်အောက်မှ အကြမ်းဖက်ဝါဒ**

ယနေ့မြန်မာနိုင်ငံတွင် ၂၀၂၀ ရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများ ဖြစ်ပေါ်လာပါသည်။ ယင်းမှထပ်မံ၍ နိုင်ငံရေးမကျေနပ်မှုများ၊ ဆန္ဒပြမှုများဆီသို့ ကူးပြောင်းလာပါသည်။ အမေရိကန်နိုင်ငံကဲ့သို့ ဒီမိုကရေစီရင့်ကျက်ပြီးသော နိုင်ငံတွင်ပင် ရွေးကောက်ပွဲဆိုင်ရာပဋိပက္ခများ ဖြစ်ပွားသည်ကို တွေ့ရပါသည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလက အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် ဂျိုးဘိုင်ဒင်၏မဲများ လွှတ်တော်တွင် အတည်ပြုရန် ဆောင်ရွက်နေစဉ် သမ္မတထရမ့်အား ထောက်ခံသူများက လွှတ်တော်ထဲသို့ အကြမ်းဖက် ဝင်ရောက်ခဲ့သည့်ဖြစ်စဉ်အား ကြည့်ပါက နိုင်ငံရေးပဋိပက္ခများဆိုသည်မှာ မည်သည့်နိုင်ငံတွင်မဆို ဖြစ်လေ့ရှိတတ်သည့်သဘော ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကို အကြောင်းပြု၍ ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး ယင်းမှတစ်ဆင့် လက်နက်ကိုင်တော်လှန်ရေးအသွင်သို့ ပြောင်းလဲပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် နိုင်ငံရေးရည်မှန်းချက်များနှင့် သွေဖည်ကာ ပုဂ္ဂိုလ်ရေးအသွင်၊ လက်စားချေသည့်အသွင်ဖြင့် အကြမ်းဖက်မှုပုံစံများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာပါသည်။

ပြည်သူများ ကျန်းမာရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းကို ဆန့်ကျင်ခြင်း၊ ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်ကို ခြိမ်းခြောက်တိုက်ခိုက်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှု

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အဆောက်အအုံများ၊ အပြစ်မဲ့လူပုဂ္ဂိုလ်များကို တိုက်ခိုက်သတ်ဖြတ်နေခြင်းသည် အကြမ်းဖက်ဝါဒသာ ဖြစ်ပါသည်။ တစ်လောက မျိုးရန်နောင်သိန်းဆိုသူက ဆရာတော်ကြီးများအား လုပ်ကြံရန်ပြောဆိုထားသည့် ဗီဒီယိုဖိုင် ကြည့်ရပါသည်။ ယင်းမှာ နိုင်ငံရေးအသွင်၊ တော်လှန်ရေးအသွင်မှ အကြမ်းဖက်ဝါဒအသွင်သို့ ပြောင်းလဲသွားသည့် သက်သေပင် ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အကြမ်းဖက်အဖွဲ့အစည်း၊ အကြမ်းဖက်သူများအဖြစ် နိုင်ငံတကာက သတ်မှတ်ထားသူများပင် မိမိတို့ကိုးကွယ်ရာဘာသာကို ပြန်လည်ဖျက်ဆီးခြင်းမလုပ်ကြပါ။

ယနေ့ မြန်မာနိုင်ငံအတွင်း လုပ်ဆောင်နေသည့် အကြမ်းဖက်ဝါဒကို ဦးဆောင်သူများသည် သူတို့ကိုယ်တိုင်မှာ အန္တရာယ်လွတ်မြောက်ရာ နေရာများတွင်နေထိုင်၍ ပြည်တွင်းရှိလူငယ်များကို အသုံးချနေကြပါသည်။ ပြည်သူအချင်းချင်း ရန်တိုက်၍ သတ်ဖြတ်ခိုင်းခြင်း၊ ပညာရေးအား ဖျက်ဆီးခြင်း၊ ဘာသာတရားအား ဖျက်ဆီးခြင်းများ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့်အရေးယူ**

ထိုသို့ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးပြောင်းလဲရန် ခေါင်းစဉ်ဖြင့် အကြမ်းဖက်မှုများကို စီမံခြင်း၊ ဦးဆောင်ခြင်း၊ ကိုယ်တိုင်ကျူးလွန်ခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးပေးခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ယင်းသို့ကျူးလွန်သူများကို အရေးယူအပြစ်ပေးနေသည်ကို တွေ့ရပါသည်။ ယင်းတို့အနက် ကျော်မင်းယု(ခ) ဂျင်မီ၊ ဖြိုးဇေယျာသော်၊ လှမျိုးအောင်နှင့် အောင်သူရဇော်တို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၉(က)၊ ၅၀(ဈ)၊ ၅၀(ည) တို့အရ သေဒဏ်စီရင်ခဲ့ကြောင်း သိရပါသည်။

**၎င်းတို့သည် အကြမ်းဖက်မှုအား စီမံပေးခြင်း၊ ဦးဆောင်ခြင်း၊ ပူးပေါင်းကူညီခြင်း၊ ထောက်ပံ့ခြင်း၊ ကျောင်းများ၊ ရဲစခန်းများ၊ အများပြည်သူဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား တိုက်ခိုက်ခြင်း၊ မိုင်းဖောက်ခွဲခြင်း၊ အပြစ်မဲ့ပြည်သူ**များအား သတ်ဖြတ်ခြင်းတို့ လုပ်ဆောင်ခဲ့ကြောင်း သက်သေထင်ရှားဖော်ထုတ်ရရှိသဖြင့် ထိုသို့ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရပါသည်။ ထို့အပြင် ၎င်းတို့လက်ဝယ်တွင် လက်နက်ခဲယမ်းနှင့် အကြမ်းဖက်ရာတွင် အသုံးပြုသည့် အခြားပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။



သဃ်န်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သုခိတာလမ်း ခြံအမှတ်(၆၇)နှင့် သဃ်န်းကျွန်းမြို့နယ် (၈)မြောက်ရပ်ကွက် ပြည်သာယာလမ်းသွယ်(၂) အမှတ်(၁၄၂)ရှိ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ နေအိမ်များမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

**ထိုပြစ်ဒဏ်စီရင်ခံရသော လေးဦးသည် ရည်ရွယ်ချက်အားဖြင့် နိုင်ငံရေးဆိုင်ရာဟုဆိုသော်လည်း လက်တွေ့လုပ်ဆောင်နေသည်မှာ အကြမ်းဖက်မှုအသွင်ပုံစံများ ဖြစ်ကြပါသည်။ သို့ဖြစ်သည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူအပြစ်ပေးခဲ့သည်ကို တွေ့ရပါသည်။ ထို့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အခြားအရေးယူထားသူများလည်း ရှိနေဆဲဖြစ်သည်**

ထိုပြစ်ဒဏ်စီရင်ခံရသော လေးဦးသည် ရည်ရွယ်ချက်အားဖြင့် နိုင်ငံရေးဆိုင်ရာဟု ဆိုသော်လည်း လက်တွေ့လုပ်ဆောင်နေသည်မှာ အကြမ်းဖက်မှုအသွင်ပုံစံများ ဖြစ်ကြပါသည်။ သို့ဖြစ်သည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူအပြစ်ပေးခဲ့သည်ကို တွေ့ရပါသည်။ ထို့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အခြားအရေးယူထားသူများလည်း ရှိနေဆဲဖြစ်သည်။

**အကြမ်းဖက်မှုများနောက်ကွယ်**

နိုင်ငံရေးပဋိပက္ခများမှတစ်ဆင့် အသွင်ပြောင်းလာသော အကြမ်းဖက်မှုများသည် ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ သယ်ဆောင်လာသည်ကို ယနေ့မြန်မာနိုင်ငံတွင်ဖြစ်နေသော တည်ငြိမ်မှု၊ အေးချမ်းမှု၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာအခြေအနေများတွင် သိသာစွာတွေ့ရပါသည်။ ယင်းအကြမ်းဖက်မှုများကို ဦးဆောင်နေသူများ၊ စီမံပေးနေသူများနှင့် ထောက်ပံ့ပေးနေသူများသည် ယနေ့အခါ နိုင်ငံရေးရည်မှန်းချက်မပါတော့သည့် ပုဂ္ဂိုလ်ရေးအာဃာတများ၊ အကျိုးစီးပွားများနှင့် နောက်ကွယ်မှကြိုးကိုင်နေသူများအလိုကျ လုပ်ဆောင်နေကြပါသည်။ အကြမ်းဖက်မှုများ တိုးမြင့်လာခြင်း၏နောက်ကွယ်တွင် မြန်မာ့နိုင်ငံရေးမတည်မငြိမ်ဖြစ်စေရန်နှင့် ရပ်သေးအစိုးရတစ်ရပ် အာဏာရရှိရန်ဆိုသည့် ပယောဂများလည်း ရှိနေပါသည်။

ယင်းပယောဂများတွင် စတေးခံနေကြရသည်မှာ မြန်မာနိုင်ငံသားအချင်းချင်း အိမ်ကြက်ချင်းအိုးမည်းသုတ်၍ ဖျက်ဆီးခံနေရခြင်း ဖြစ်ပါသည်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ စကားအတိုင်း ဖြစ်ပါသည်။ ထိုသို့သော နောက်ကွယ်မှ အကြံအစည်များတွင် လူထုအနေဖြင့် အထူးသဖြင့် လူငယ်များအနေဖြင့် အသုံးချခံမဖြစ်ရန် အရေးကြီးပါသည်။ နိုင်ငံရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အကြမ်းဖက်သည့် နည်းလမ်းတစ်ခုတည်းသာ ရှိသည်မဟုတ်ပါ။ တော်လှန်ရေးနှင့် အကြမ်းဖက်မှုကို ခွဲခြားသိရန်လိုအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ အကြမ်းဖက်မှုများတွင် အသုံးချခံရပါက နစ်နာရမည်မှာ ကာယကံရှင်ကိုယ်တိုင်ပင်ဖြစ်ပြီး ကိုယ်တိုင်လည်း အကျိုးပျက်စီး၊ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်၊ နိုင်ငံကိုလည်း အကျိုးပျက်စီးစေမည် ဖြစ်ပါသည်။ ။



ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်း ရတနာနှင်းဆီအိမ်ရာ တိုက်အမှတ်(3/B) အခန်းအမှတ် (B-0907)၌ မောင်ကျော်(ခ)ဖြိုးဇေယျာသော်နှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

## ကျန်းမာရေးအထောက်အကူပြု အားကစားပစ္စည်းများ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းပေးအပ်

**သီပေါ ဇူလိုင် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနသည် လူငယ်မောင်မယ်များ ကျန်းမာသန်စွမ်းပြီး ဉာဏ်ပညာထက်မြက်ရေးအတွက် မြို့ပေါ်နှင့် ကျေးလက်ဒေသမှ အခြေခံပညာကျောင်းများ၊ ကျေးလက်ရှိ ဘောလုံးအသင်းများကို ကျန်းမာရေးအထောက်အကူပြုအားကစားပစ္စည်းများ ပေးအပ်ခြင်း၊ လူငယ်ရေးရာနှင့် ကျန်းမာရေးဆိုင်ရာ ဟောပြောခြင်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇူလိုင် ၂၇ ရက်က အခြေခံပညာအလယ်တန်းကျောင်းခွဲ အမက(၆)ခန်းမတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးက လူငယ်နှင့်စာပေဖတ်ရှုခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းရွှေမာက ဉာဏ်ပညာထက်မြက်ဖို့ အားကစားဆောင်ရွက်စို့ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောပြီး ကျောင်းအုပ်ဆရာမကြီးထံ ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံးစသည့် အားကစားပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဇူလိုင် ၂၈

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေး ပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီး ဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာ နေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာ နေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်သည်များနှင့် အရာရှိ၊ စစ်သည် မိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၈

**၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်သည်များနှင့် အရာရှိ၊ စစ်သည် မိသားစုဝင်သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ်ရှိ သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆုရရှိသူ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**



ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အဖွဲ့ဝင်များက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၃၃ ဦး၊ ဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်သည်တစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ စစ်သည်တစ်ဦး တို့ကိုလည်းကောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ငါးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၈ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၇၂ ဦး၊ ဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်သည်သုံးဦးနှင့် ရိုးရိုးအောင်မြင်သူ စစ်သည် လေးဦးတို့ကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ဆုများပေးအပ်အပြီးတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အဖွဲ့ဝင်များသည် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လယ်ယာသုံးစက်ကိရိယာများအား သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုရန် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

လယ်ယာသုံး စက်ကိရိယာပစ္စည်းများ တင်သွင်းခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက JICA, Two Step Loan စီမံကိန်း Steering Committee အစည်းအဝေးတွင် ကုမ္ပဏီလုပ်ငန်းရှင်များတင်ပြခဲ့သည့် လယ်ယာသုံးစက်ကိရိယာများ သွင်းကုန်လိုင်စင်ရရှိရန်နှင့် နိုင်ငံခြားငွေပေးချေရန်အတွက် အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ လယ်ယာသုံးစက်ကိရိယာများအတွက် လက်ရှိလျှောက်ထားသော သွင်းကုန်လိုင်စင်ကို စိစစ်ခွင့်ပြုမှု၊ လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စေရေးအတွက် လယ်ယာသုံးစက်ကိရိယာများအား သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုရန် ဆောင်ရွက်မှု၊ လိုင်စင်သက်တမ်းပြင်ဆင်သတ်မှတ်မှုနှင့် လယ်ယာလုပ်ငန်းသုံးအပြင် အခြားလုပ်ငန်းကဏ္ဍများတွင်ပါ အသုံးပြုနိုင်သည့် စက်ပစ္စည်းနှင့် အပိုပစ္စည်းများ တင်သွင်းမှုကိစ္စတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများမှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ကိရိယာတင်သွင်းမှုနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို တင်ပြမေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လှုံ့ဆော်ရေးသားခြင်းများနှင့် ဥက္ကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းအရှေ့၌ ခြေကုပ်စခန်းမှ တပ်မတော်သားများနှင့် စစ်ကူစစ်ကြောင်းတို့ တပ်ချင်းချိတ်ဆက်ပြီး မှတ်တမ်းဓာတ်ပုံ။

*(ယမန်နေ့မှအဆက်)*

**စတုတ္ထအချက်**အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားလိုကြောင်း၊ ယင်းနေရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး ငြိမ်းချမ်းရေးကို ရအောင် ဆောင်ရွက်သွားမည်ဟု ပြောကြားချက်၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ဆိုသကဲ့သို့ ဝန်ကြီးချုပ်ကိုယ်တိုင် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်ကို သတိပြုမိစေလိုကြောင်း၊ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်၏ ရလဒ်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့၊ စုစုပေါင်း ကိုးဖွဲ့က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ယခင် တွေ့ဆုံပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းကိုလည်း အသိပေးလိုကြောင်း၊ ဤနေရာတွင် ယခင်သတင်းစာရှင်းလင်းပွဲတွင် မိမိပြောခဲ့သည့် အချို့သောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် လာရောက်ဆွေးနွေးရန် ပြင်ဆင်နေမှုများရှိကြောင်း၊ ၎င်းတို့၏ အဖွဲ့များထဲတွင် အစည်းအဝေးလုပ်ခြင်း၊ ကိုယ်စားလှယ်ရွေးချယ်ခြင်း၊ ဆွေးနွေးမည့် အကြောင်းအရာပြုစုခြင်းများ လုပ်နေကြသည့်အတွက် နှောင့်နှေးမှုတချို့ရှိနေခြင်းဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း။

မီဒီယာများအပါအဝင် ကြည့်ရှုနေသည့် ပြည်သူများရော တိုင်းရင်းသား လက်နက်ကိုင်များကိုပါ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားကြောင်း၊ ငြိမ်းချမ်းရေးရအောင် လုပ်မည်ဆိုသည်ကို သတိပြုမိအောင် ထပ်ပြောလိုကြောင်း၊ ကျန်ရှိနေသည့် လက်နက်ကိုင်အဖွဲ့များထဲမှ အနီးဆုံးတိုက်ပွဲဖော်ဆောင်ခဲ့သည့် AA အဖွဲ့အကြောင်း ပြောလိုကြောင်း၊ AA အဖွဲ့သည် ၂၀၂၀ ပြည့်နှစ်ကစပြီး တပ်မတော်နှင့် ပစ်ခတ်တိုက်ခိုက်မှု လုံးဝနီးပါးမရှိခဲ့သည့် အဖွဲ့ဖြစ်ကြောင်း၊ Gentlemen's Agreement နှင့် ငြိမ်းချမ်းရေးကို တစ်စိတ်တစ်ပိုင်း တည်ဆောက်နိုင်ခဲ့သည့် အဖွဲ့ဖြစ်ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုများ မရှိခဲ့သည့်အတွက် ၂၀၂၀ မတိုင်ခင် နှစ်တချို့တွင် ဒုက္ခရောက်ခဲ့သည့်ပြည်သူများ၊ ငိုကြွေးခဲ့ရသည့် ပြည်သူများသည် အေးချမ်းမှု၏အရသာကို ပြန်လည်ခံစားခွင့်ရခဲ့ကြကြောင်း၊ ပြည်သူလူထုများ ပြုံးပြုံးရွှင်ရွှင်နှင့် ကိုယ့်မြို့ကိုယ့်ရွာကို ပြန်အခြေချကြ၊ ကိုယ့်အလုပ်ကိုလုပ်ကြနှင့် အေးချမ်းရမည့်အနေအထားထိ ရောက်ခဲ့ကြောင်း၊ ထိုသို့ တည်ငြိမ်စပြုလာချိန်တွင် AA အဖွဲ့သည် လွန်ခဲ့သည့် လအချို့ကစတင်ပြီး အပြစ်မဲ့ပြည်သူတချို့ကို ဖမ်းဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းများကို ဖမ်းဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးခြင်းများ စ၍လုပ်လာကြောင်း၊ ထိုအချိန်တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ပြည်ဖျက်ဒလက်အချို့ကလည်း သတင်းတုသတင်းမှားများ၊ တစ်ဖက်နှင့် တစ်ဖက် အထင်အမြင်လွဲမှားအောင် သံသယစိတ်နှင့် စစ်မီးမတောက် တောက်အောင် တွန်းပို့ခဲ့ကြကြောင်း၊ AA ဘက်က ခေါင်းဆောင်အဆင့်ရှိသူများကလည်း တပ်မတော်ကို ထိကပါးရိကပါးနှင့် ရန်စစော်ကားမှုများစွာ လုပ်ခဲ့သည်ကိုလည်း သတိပြုမိမည်ထင်ကြောင်း။

ယင်းသို့ တင်းမာလာသည့်အခြေအနေမျိုးတွင် ရခိုင်တိုင်းရင်းသားပါတီတစ်ခု၏ အကြီးအကဲဖြစ်သူက ရခိုင်ပြည်နယ်၌ စစ်မီးမတောက်လောင်လာစေရန်၊ ပြည်သူလူထုကိုညှာတာရန်၊ တစ်ဖက်နှင့်တစ်ဖက် ရန်လိုသည့်အပြုအမူများ မလုပ်ရန်လိုသည်ဟု မီဒီယာများမှတစ်ဆင့် တိုက်တွန်းခဲ့ကြောင်း၊ ထို့ပြင် ရခိုင်လက်နက်ကိုင်အဖွဲ့၏ ခေါင်းဆောင်တစ်ဦးကလည်း အလားတူ ပြောကြားချက်အပြင် တွေ့ဆုံဆွေးနွေးခြင်းကသာ ကောင်းမွန်သည့်ရလဒ်ကို ရနိုင်ကြောင်း ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဒေသခံရခိုင်ပြည်သူလူထု အကျိုးကိုရှေးရှုပြီး စိတ်ရှည်သည်းခံခဲ့ကြောင်း၊ သို့သော် AA အဖွဲ့အနေဖြင့် မလုပ်သင့်မလုပ်ထိုက်သည့် ရန်စမှုကို ဇူလိုင် ၁၈ ရက် မောင်တောမြို့နယ်အတွင်း နေရာနှစ်ခု၌ လုပ်ဆောင်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံးပြီး အချို့ ဖမ်းဆီးခံခဲ့ရကြောင်း၊ ထိုသို့ လုပ်ဆောင်ရခြင်းအတွက် အကြောင်းပြချက်ကို KNLA တပ်မဟာ(၅) နယ်မြေအတွင်းရှိ ၎င်းတို့ တပ်စခန်းကို တပ်မတော်က ဗုံးကြဲတိုက်ခိုက်သဖြင့် လုပ်ခြင်းဖြစ်သည်ဟု အကြောင်းပြကြောင်း၊ AA ၏ မူလအစသည် KIA နယ်မြေဖြစ်ပြီး လက်ရှိ ရခိုင်ပြည်နယ်ဒေသအချို့၌ ဝင်ရောက်လှုပ်ရှားနေသည်ဟု သိထားကြောင်း၊ ၎င်းတို့ ခေါင်းဆောင်အဆင့်ရှိသူများ၏ ထုတ်ဖော်ပြောကြားချက်များထဲတွင်လည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရခိုင်ဒေသအတွင်း ၎င်းတို့တပ်များရှိသည်ဟုသာ ဆိုထားကြောင်း၊ ကရင်ပြည်နယ်ထဲ၌ ရှိသည်ဟူ၍ မည်သူ့ကိုမှ မပြောထားကြောင်း။

ထို့ပြင် တပ်မတော်အနေဖြင့် လိုအပ်သည့် စစ်ဆင်ရေးလုပ်ရာတွင်လည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုလုပ်ရာတွင် လည်းကောင်း မည်သည့် တိုင်းရင်းသား၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်တပ်ကို စစ်ဆင်ရေးလုပ်မည်ဟု သတ်မှတ်ထားခြင်းမရှိဘဲ အကြမ်းဖက်အဖွဲ့များကို တိုက်ခိုက်ရန်အတွက်သာ စစ်ဆင်ရေးလုပ်ခြင်းဖြစ်ကြောင်း၊ ယခု AA အဖွဲ့က ပြောကြားသည့် KNLA တပ်မဟာ (၅) ဆိုသည်ထက် လုံခြုံရေးအရ လိုအပ်သည့်နေရာကိုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်သေဆုံးမှု ဖြစ်လာသည့်အချိန်ကျမှ AA တပ်ဖွဲ့ဝင်များပါ၊ စက်ချုပ်နေသည့်သူများပါဆိုသည့် အဖြေများသည် ရိုးသားမှု ရှိ မရှိ ပြန်လည်ဆန်းစစ်စေလိုကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ AA အဖွဲ့၊ ကချင်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ AA အဖွဲ့များအတွက် ကရင်ပြည်နယ်ထဲ၌ စက်ချုပ်နေသည်ဆိုသည်မှာ ယုတ္တိရှိပါသလား၊ စေ့စေ့တွေးစရာမလိုဘဲနှင့်ကို အဖြေထွက်ကြောင်း၊ ရိုးသားမှုရှိခြင်းသည် ဒေသခံပြည်သူလူထုအတွက် ရလဒ်ကောင်းထွက်နိုင်သည်ဟု အကြံပေးစကား ပြောကြားလိုကြောင်း။

ဆက်လက်ပြီး KNU အဖွဲ့အကြောင်း ပြောကြားလိုကြောင်း၊ KNU ၏ အောက်တွင် KNLA နှင့် KNDO ဆိုသည့် တပ်အမျိုးအစား နှစ်ခုနှင့် ဖွဲ့စည်းထားပြီး နှစ်ခုလုံးကို ဗဟိုစစ်ဦးစီးဌာနချုပ်ဆိုသည့်အဖွဲ့က တိုက်ရိုက်ကိုင်တွယ်ထားကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် တောခိုလူငယ်အချို့ နယ်စပ်ကို ထွက်ပြေးတိမ်းရှောင်သွားရာ အများစုသည် ကရင်ပြည်နယ်အတွင်း ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း၊ PDF အမည်ခံပြီး KNLA နှင့် KNDO တပ်အချို့ဆီကို ဝင်ရောက်သွားခဲ့သည့်အတွက် KNLA နှင့် KNDO တပ်အချို့မှ အင်အားစုတချို့ကို စုဆောင်းနိုင်ခဲ့ပြီး လှုပ်ရှားသည့်နယ်မြေအလိုက် တိုက်ကွက်ဖော်သွေးတိုးစမ်းမှုအချို့ကို စတင်လုပ်ဆောင်ခဲ့ကြောင်း၊ ထိုအချိန်တွင် လက်ရှိရရှိပြီးဖြစ်သည့် NCA လမ်းကြောင်းမှ ငြိမ်းချမ်းရေးကို လိုလားသည့်အဖွဲ့၊ NCA ကို ပျက်ပြယ်စေလိုသည့်အဖွဲ့နှင့် အခြေအနေကို စောင့်ကြည့်ပြီး အလေးသာသည့်ဘက်ကို ယိမ်းမည့်အဖွဲ့စသည်ဖြင့် အဖွဲ့တွင်း ကွဲလွဲမှုအချို့ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းအကျိုးဆက်မှာ NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းလိုသည့် အဖွဲ့များရှိသည့်နယ်မြေ၌ အေးချမ်းပြီး NCA ကို ပျက်ပြယ်စေလိုသော အဖွဲ့လှုပ်ရှားသည့်နယ်မြေ၌ တိုက်ပွဲသံများ ပြန်လည်ပေါ်ထွက်လာသည်သာ ဖြစ်ကြောင်း၊ အောက်ခြေအဆင့် တပ်မှူးငယ်များမှ အထက်အဆင့် အကြီးအကဲအဆင့်ထိ မိမိရှိနေသည့် နယ်မြေအလိုက် ပြည်သူလူထုကို အလေးထားမှု ကွဲပြားသွားခြင်းဖြစ်သည်ဟု ပြောလိုကြောင်း။

မိမိပြောခဲ့သည့်အထဲတွင် KNDO အဖွဲ့ဆို၍ ပါကြောင်း၊ ယင်း KNDO အဖွဲ့၏ ယခင်စစ်ဦးစီးချုပ်သည် KNU ခေါင်းဆောင်ဟောင်း စောဘိုမြ၏ သားအကြီး နယ်ဒါးမြဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန် ၁၃ ရက်တွင် ဝေါလေ-ကနဲလေး လမ်းဖောက်လုပ်ရေးလုပ်ကိုင်နေသည့် အရပ်သား ၂၅ ဦးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့်အတွက် KNLA က ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် တာဝန်မှရပ်စဲခြင်းခံခဲ့ရကြောင်း၊ စစ်ရာဇဝတ်မှုကြီးဖြစ်ကြောင်း၊ ၎င်း၏ KNDO စစ်ဦးစီးချုပ်ဆိုသည့်နေရာတွင် စောရိုးလေဆိုသူကို အစားထိုးခန့်အပ်ခဲ့သည့်အတွက် နယ်ဒါးမြသည် KNU အပေါ် မကျေမနပ်ဖြစ်ခဲ့ပြီး တာဝန်မှ အနားမယူဘဲ ၎င်းသာလျှင် KNDO စစ်ဦးစီးချုပ်ဟု ကြွေးကြော်ပြီး အကြမ်းဖက်လုပ်ရပ်များကို ပိုမိုလုပ်ဆောင်လာခဲ့ကြောင်း။

ထို့ပြင် ၂၀၂၂ ခုနှစ် ဧပြီလတတိယပတ်အတွင်းတွင် ယခင် DKBA အဖွဲ့မှ စောစလုံးဦးဆောင်သည့် အင်အားအချို့သည် နယ်ဒါးမြနှင့် သွားရောက် ပူးပေါင်းခဲ့သည့်အတွက် အကြမ်းဖက်လုပ်ငန်းများကို ပိုမိုလုပ်ဆောင်ခဲ့ပြီး အင်အားအနည်းငယ် တောင့်တင်းလာသည့်အတွက် နယ်ဒါးမြအနေဖြင့်လည်း KNU မှ ခွဲထွက်နိုင်ရေး ပိုမိုလုပ်ဆောင်လာခဲ့ကြောင်း၊ KNU အဖွဲ့ အကြီးအကဲရာထူး ယူထားသူများအနေဖြင့်လည်း ထိန်းမနိုင်၊ သိမ်းမရ အခြေအနေတချို့ ရင်ဆိုင်လာရသည်ကို တွေ့ရကြောင်း၊ အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG အဖွဲ့ထံက ရလာမည့် ငွေကြေးအချို့နှင့် မြန်မာပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေလိုသည့် နိုင်ငံအချို့က ထောက်ပံ့မှုများကြောင့် နယ်ဒါးမြသည် ၎င်းလက်အောက်ရှိ အင်အားများ စုစည်းပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့်အတူ တပ်မတော်တပ်စခန်းတစ်ခုဖြစ်သည့် ဥက္ကရစ်ထစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ထိခိုက်ကျဆုံးမှု များပြားစွာနှင့် ဆုတ်ခွာထွက်ပြေးခဲ့ရကြောင်း၊ ယင်းဥက္ကရစ်ထစခန်းကို တိုက်ခိုက်သည့်ဖြစ်စဉ်ကို ပြန်လည်စိစစ်ကြည့်သည့်အခါ PDF အမည်ခံ အကြမ်းဖက်လူငယ်များ သေဆုံး၊ ဒဏ်ရာရမှုများပြားခဲ့သည်ကို တွေ့ရကြောင်း၊ ပြောရလျှင် ထိုးကျွေးခံရခြင်းသာဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို ရောက်နေသည့် လူငယ်များ အသိ၊ သတိနှင့် ဆင်ခြင်စဉ်းစားကြရန် ထပ်မံပြောကြားလိုကြောင်း၊ ယခင်တစ်ခါကလည်း မိမိပြောပြီးဖြစ်ကြောင်း၊ ယင်းလက်နက်ခဲယမ်းများ မည်သည့်နေရာက ရသနည်း၊ မိုးပေါ်က ကျလာခြင်းမဟုတ်ကြောင်း၊ အလကားရခြင်းလည်း မဟုတ်ကြောင်း၊ ငွေနှင့် ပေးဝယ်ချင်ဝယ်၊ ထောက်ပံ့ခြင်းဖြစ်ရင်ဖြစ် တစ်ခုခုသာဖြစ်ကြောင်း၊ မဟာမိတ်အဖွဲ့ဆီက ရသည်ဆိုလျှင် မည်သည့်အဖွဲ့က ရမည်နည်း၊ မြန်မာနိုင်ငံထဲက မရနိုင်သည်မှာ သေချာကြောင်း၊ ၎င်းတို့နေထိုင်နေသည်မှာ မည်သည့်နေရာ၌ နေထိုင်နေသနည်း၊ ထိုသို့ဆိုလျှင် မည်သည့်နေရာကရမည်ဆိုသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူစဉ်ကတည်းက အနာဂတ်လူငယ်များ၏ ပညာရည်မြင့်မားရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ခဲ့ခြင်းဖြစ်**

**❖ ကလေးသူငယ်များ၏ ပညာရေးနှောင့်နှေးကြန့်ကြာမှုများ၊ စာသင်နှစ်နစ်နာရမှုများ မရှိအောင် ကိုဗစ်-၁၉ ရောဂါကို စတင်ထိန်းချုပ်လာနိုင်ပြီဆိုသည်နှင့် ပညာရေးကဏ္ဍကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့**

အဖွဲ့တွင်း အကွဲအပြဲတချို့ ထပ်မံဖြစ်ပေါ်ခဲ့သကဲ့သို့ KNU အနေဖြင့်လည်း ပိုမိုဖိအားပေးလာသည့်အတွက် နယ်ဒါးမြသည် တစ်စင်ထောင်နိုင်ရန် ပိုမိုလုပ်ဆောင်လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် နယ်ဒါးမြသည် KNU မှ ခွဲထွက်ပြီး ကော်သူးလေတပ်မတော် ဆိုသည်ကို ဖွဲ့စည်းကြောင်း၊ NUG အပါအဝင် PDF များ၊ တပ်မတော်ကို တိုက်ခိုက်နေသည့် အဖွဲ့များနှင့် ပူးပေါင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း၊ မီဒီယာအချို့နှင့် အင်တာဗျူးဖြေရာတွင် NCA ကို သွားနေသည့် KNU အကြီးအကဲများ၊ တပ်များရှိနေသည့်အတွက် ခွဲထွက်ထူထောင်ခြင်းဖြစ်သည်ဟုလည်း ထည့်ပြောသွားသည်ကို တွေ့ရကြောင်း၊ ယင်းစကားတွင်ပင် အဖြေတော်တော်များများပါကြောင်း၊ တစ်တိုင်းပြည်လုံးငြိမ်းချမ်းစေမည့် NCA ကို လက်မခံဘဲ အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းမည်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မည်ဆိုသည်မှာ ငြိမ်းချမ်းရေးကို လိုလားသူလား၊ မလိုလားသူလား အဖြေထွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကော်သူးလေ Army ဖွဲ့စည်းခြင်းကို KNLA ဗဟိုစစ်ဦးစီးဌာနချုပ် အနေဖြင့် စာထုတ်ကန့်ကွက်ခဲ့သကဲ့သို့ အချို့နေရာများတွင် တိုက်ပွဲပါ ဖြစ်ခဲ့သည်ဟု သိရကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်ပြီး မိမိအဓိက ပြောလိုသည်မှာ KNU အဖွဲ့ထဲတွင် ငြိမ်းချမ်းစေလိုသည့် စိတ်ရှိသူ၊ NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းလိုသူများရှိကြောင်း၊ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်လျှင်လာတွေ့နိုင်သည်၊ ဆွေးနွေးနိုင်သည်၊ တံခါးဖွင့်ထားသည်ဟု ပြောလိုကြောင်း။

ယင်းနေရာတွင် NCA နှင့်ပတ်သက်ပြီး ပြောရလျှင် NCA ကို ယေဘုယျအားဖြင့် တိုင်းရင်းသားများက အကုန်လက်ခံသည်ကို တွေ့ရကြောင်း၊ အဘယ့်ကြောင့်ဆိုသော် NCA ကို စတင်ရေးဆွဲခဲ့သည်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အသီးသီးသာဖြစ်ကြောင်း၊ လက်မခံသည်မှာ နောက်ကွယ်တွင်ရှိနေသည့် အကြံပေးများသာဖြစ်ကြောင်း၊ ယင်းအကြံပေးများက မည်သူများလဲ၊ မြန်မာနိုင်ငံသား မဟုတ်သူများသာဖြစ်ကြောင်း၊ ၎င်းတို့တွင် လက်နက်ကိုင်အဖွဲ့အစည်း မရှိကြောင်း၊ အဖွဲ့အစည်းအမျိုးမျိုးကို ထောက်ပံ့ပြီး မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသူများသာဖြစ်ကြောင်း၊ ထောက်ပံ့မှုများ၊ သွေးထိုးမှုများကို အစဉ်အဆက် ပြုလုပ်နေသည်ဖြစ်ကြောင်း၊ ထောက်ပံ့၊ သွေးထိုးလှုံ့ဆော်သည့် အင်အားသာရှိကြောင်း၊ အထောက်အပံ့ခံ တိုင်းရင်းသားလက်နက် အဖွဲ့အစည်းအသီးသီး အနေဖြင့်လည်း ၎င်းတို့သည် မိမိတို့နိုင်ငံအကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားလူမျိုးများအကျိုးကို တကယ်လိုလားသည်လား၊ ၎င်းတို့လိုချင်သည့်ပုံစံကို ပုံဖော်နေသည်လား သတိရှိရန်လိုကြောင်း ပြောကြားလိုကြောင်း။

**နောက်ဆုံးအချက်**အနေဖြင့် NUG အကြမ်းဖက်အဖွဲ့က ထူထောင်ထားသည့် တရားမဝင်ပညာရေးကျောင်းဖြစ်သည့် Kaung For You Online ပညာရေးဆိုင်ရာကိစ္စရပ်နှင့် ဆက်စပ်မှုများကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ Kaung For You Education Centre ဆိုပြီး တရားမဝင် ပညာသင်ကြားမှုအစီအစဉ်ကို ဦးဆောင်သည့် တရားခံပြေး ကောင်းသိုက်စိုး အပါအဝင် သုံးဦး ဖမ်းဆီးရမိခဲ့ခြင်းနှင့် ပတ်သက်ပြီး ပြောလိုကြောင်း၊သတင်းထုတ်ပြန်ပြီးလည်းဖြစ်သည့်အတွက် အားလုံးလည်း သိထားပြီးဖြစ်မည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အစိုးရကျောင်းများ၌ ကျောင်းတက်ရောက်ခြင်းမရှိစေရန်နှင့် အစိုးရ၏ ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်ချက်များနှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်ကို Online စနစ်နှင့် သင်ကြားရန်ဆိုပြီး စီစဉ်ခဲ့ခြင်းရှိကြောင်း၊ ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူသည့်သူက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြစ်သားမြို့နယ်၌ဖြစ်သည့် ဆူပူဆန္ဒပြမှုများတွင် ဦးဆောင် ပါဝင်ခဲ့သည့်အတွက် မြစ်သားမြို့မရဲစခန်းက ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကနှင့် အမှုဖွင့်ခံထားရသည့် တရားခံပြေး ကောင်းသိုက်စိုးဖြစ်ကြောင်း၊ ၎င်းသည် လက်ထောက်မြို့နယ် ပညာရေးမှူးအဖြစ် လုပ်ကိုင်ခဲ့ပြီး CDM လုပ်ထားသူဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ကောင်းသိုက်စိုး အပါအဝင် ကျောက်ဆည်မြို့နယ် ကျားကာရွာနေ CDM မူလတန်းပြ ဝင်းဗိုလ်(ခ) ဘိုဘိုနှင့် မြစ်သားမြို့နယ် မြင်းရွာကြီးကျေးရွာနေ CDM မူလတန်းပြ သန့်စင်ထိုက်တို့ကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ အခကြေး ငွေရယူပြီး အမျိုးသမီးများနှင့် ပျော်ပါးရသည့်နေရာ၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း။

တရားခံပြေး ကောင်းသိုက်စိုး၏ ထွက်ဆိုချက်များအရ ၎င်းသည် ယခုပညာသင်ကြားမှုအစီအစဉ်တွင် ကျောင်းအုပ်ကြီး တာဝန်ယူထားကြောင်း၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့၏ စေခိုင်းမှုနှင့် Kaung For You Federal Private School Team ကို ၂၀၂၂ ခုနှစ် ဧပြီလ ပထမပတ်တွင် အဖွဲ့ဝင် ၁၂ ဦးနှင့် အွန်လိုင်းကတစ်ဆင့် ဖွဲ့စည်းခဲ့ပြီး ဇူလိုင် ၁၃ ရက်တွင် စတင်သင်ကြားပို့ချရန် ဆောင်ရွက်ထားကြကြောင်း၊ ယင်းသို့ သင်ကြားပို့ချနိုင်ရန်အတွက်လည်း CDM ဆရာ ဆရာမဦးရေ ၄၀၀ ကို ခန့်အပ်ရန် စီစဉ်ခဲ့သည်ဟု သိရကြောင်း၊ ထို့ပြင် ကျောင်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကိုလည်း ဇွန် ၁ ရက်မှစပြီး အွန်လိုင်းကတစ်ဆင့် ကျောင်းအပ်လက်ခံခြင်းများ၊ အွန်လိုင်းအခြေပြုသင်ကြားရန်အတွက် Zoom Application၊ Facebook၊ Telegram၊ Signal၊ Gmail၊ Messenger တို့တွင် Group ဖွဲ့ ဆက်သွယ်ထားသည်များကို စစ်ဆေးတွေ့ရှိရကြောင်း။

နောက်တစ်ချက်မှာ ထိုကဲ့သို့ အွန်လိုင်းကတစ်ဆင့် စာသင်ကြားပေးမည့် CDM ဆရာ ဆရာမများအတွက် လစာငွေကို ကျောင်းအပ်နှံသည့် ကလေးများ၏ မိဘများထံမှ တစ်ဦးကို တစ်လလျှင် အနည်းဆုံးကျပ် ၁၀၀၀၀ ကောက်ခံသည်ဟု သိရကြောင်း၊ ယင်းကောက်ခံရရှိသည့် ငွေကြေးများကို အသုံးပြုပြီး ယခုဖမ်းဆီးရမိသည့် တရားခံ သုံးဦးသည် တောင်ကြီးနှင့် ကလောမြို့များ၌ လောင်းကစားလုပ်ခြင်းများ၊ အခကြေးငွေယူသည့် အမျိုးသမီးများနှင့် ပျော်ပါးခြင်းများ၊ သောက်စားခြင်းများ လုပ်နေကြပြီး ငွေလိုလာသည့်အချိန်တိုင်းတွင်လည်း CDM လုပ်ထားသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများထံ အွန်လိုင်းမှတစ်ဆင့် အမည်အမျိုးမျိုး၊ အကောင့်အမျိုးမျိုးနှင့် ခြိမ်းခြောက်ငွေကြေးတောင်းခံမှုများ ပြုလုပ်ခဲ့သည်ကို စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူစဉ်ကတည်းက အနာဂတ်လူငယ်များ၏ ပညာရည်မြင့်မားရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ကလေးသူငယ်များ၏ ပညာရေးနှောင့်နှေးကြန့်ကြာမှုများ၊ စာသင်နှစ်နစ်နာရမှုများ မရှိအောင် ကိုဗစ်-၁၉ ရောဂါကို စတင်ထိန်းချုပ်လာနိုင်ပြီဆိုသည်နှင့် ပညာရေးကဏ္ဍကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကျန်နေသည့် စာသင်နှစ်များအတွက် အခြေခံပညာကျောင်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ဖွင့်လှစ်ရာတွင်လည်း နိုင်ငံသားတိုင်းအခြေခံပညာပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်ဆိုသည့် ရည်ရွယ်ချက်နှင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာသင်ကြားရေးတွင် အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးပြီး ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များဆိုပြီး ထုတ်ပြန်ချက်များနှင့် ကျောင်းလခ၊ မိဘဆရာ အသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးများ အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝကောက်ခံခြင်းမပြုဘဲ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က ယခုကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်းကို ပညာသင်ကြားနိုင်ရန်နှင့် အနာဂတ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် NUG အမည်ခံ အစွန်းရောက်အဖျက်သမားများက မည်သည့်အတွေးအခေါ်၊ မည်သည့်ရည်ရွယ်ချက်မျိုးများနှင့် ယခုလို လေပေါ်က ကြေညာချက်များထုတ်၊ လေကျောင်းများဖွင့်ပြီး အခကြေးငွေကိုမူ လေနှင့်မကောက်ဘဲ တကယ်ကောက်ခံ၊ ထို့နောက် သောက်စားပျော်ပါးသည့်နေရာနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် သုံးနေသည်မှာ တကယ်ပညာတတ်စေလိုခြင်းလား၊ အလျှုခံကောင်းရုံလားဆိုသည်မှာ ကြည့်လျှင်သိနိုင်ကြောင်း၊ မိဘများအနေဖြင့်လည်း မိမိရင်သွေး၊ မိမိသားသမီးကို အမှန်တကယ် ပညာတတ်စေလိုသည်လား၊ ကိုယ့်အတ္တအရောင်များ ပါနေလားဆိုသည်ကို သုံးသပ်စေလိုကြောင်း၊ ပညာရေးတွင် နိုင်ငံရေးအရောင်များ ရောထွေးနေသည့် မိဘများ၏ အတ္တများကြောင့် ယခုရော မိမိသားသမီးများ ပညာသင်ကြားနေရပြီလား၊ သင်ရိုးများကိုရော လေ့လာပြီးပါပြီလား၊ လက်ရှိသင်ကြားနေသည့် သင်ရိုးများသည် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်နေသည့်အကြောင်းအရာ ဘာများပါပါသလဲ လေ့လာကြည့်စေလိုကြောင်း၊ နိုင်ငံရေးလုပ်၍ရကြောင်း၊ သို့သော် ကလေးများ၏ ပညာရေးကိုမူ အသုံးချခံမဖြစ်စေလိုကြောင်း၊ ယင်းသည် မိဘတစ်ယောက်အနေဖြင့် စေတနာစကားသာဖြစ်ကြောင်း။

နောက်တစ်ခုမှာ Kaung For You ဆိုသည့်ကျောင်း၌ စာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ရေးအချက်အလက်များ ပေါက်ကြားသည့် ကိစ္စများ၊ ယင်းကိုယ်ရေးအချက်အလက်များကို ကိုင်ပြီး ခြိမ်းခြောက်အကျပ်ကိုင် ငွေညှစ်မှုများကိုလည်း လူမှုကွန်ရက်တွင် ဆူဆူညံညံပေါက်ကွဲ ထွက်လာသည်များကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့ ဖော်ထုတ်ပေးစရာ မလိုကြောင်း၊ ယင်းကိုလည်း အချို့အနီလော်ဘီများက မျက်စိစုံမှိတ်ပြီး ဟိုဘက်က လုပ်သည်၊ ဒီဘက်က လုပ်သည်နှင့် ဖာကြ၊ ထေးကြလုပ်နေသည်များ တွေ့ရကြောင်း၊ ယင်းကိစ္စ ဖြစ်လာသည့်အခါ NUG အကြမ်းဖက်အဖွဲ့နှင့် ပြည်ဖျက်မီဒီယာများက Kaung For You နှင့်ပတ်သက်ခဲ့သည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများကို ဘဝဆုံးသွားအောင်၊ တောထဲရောက်အောင် တွန်းပို့လှုံ့ဆော်နေသည်များ တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ဦးစီးဦးဆောင်လုပ်နေသည့်သူများ၊ သွေးထိုးလှုံ့ဆော် ခေါင်းဆောင်လုပ်နေသူများမှအပ ကျောင်းသား ကျောင်းသူ မိဘများကို အရေးယူဆောင်ရွက်မည် မဟုတ်ကြောင်းကို နိုင်ငံပိုင်မီဒီယာများ၊ အခြားမီဒီယာများ၏ မေးမြန်းမှုများတွင် ပြောကြားခဲ့ကြောင်း၊ ထူးဆန်းသည်မှာ ယင်းပြောကြားချက်ကို နိုင်ငံ့အကျိုး၊ မိဘပြည်သူများ အကျိုးကို လိုလားသူများက ဖော်ပြကြတိုင်း လူမှုကွန်ရက်စာမျက်နှာများအပေါ် တော်တော်များများ ဖြုတ်ချခံခဲ့ရသည်ကို တွေ့ရကြောင်း။

ထိုသို့ဆိုလျှင် ၎င်းတို့၏ ရည်ရွယ်ချက် အစစ်အမှန်က ဘာလဲဆိုသည်ကို သိရမည်ဖြစ်ကြောင်း၊ ယခုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ယင်းကိစ္စကို အသေးစိတ်ဖော်ထုတ်ရာတွင် အချက်အလက်များစွာရခဲ့ကြောင်း၊ ယင်းအဖွဲ့အစည်းနှင့် ပတ်သက်မိခဲ့သည့် ဆရာ ဆရာမများနှင့် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့်၊ မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရပြီး အေးချမ်းစွာ နေထိုင်လိုသည့်အတွက် ပြန်လည်ဆက်သွယ်လာမှုများရှိကြောင်း၊ ဩဂုတ် ၇ ရက် နောက်ဆုံးထားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် ဆက်သွယ်ကြရန် ကြေညာချက်တစ်စောင် ထုတ်ထားကြောင်း၊ အစိုးရအနေဖြင့်လည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝ အေးချမ်းစွာ နေထိုင်နိုင်ရေး ဆရာ ဆရာမများကို အာမခံချက်ရှိကြောင်း ထပ်မံအသိပေးပြောကြားလိုကြောင်း။

NUG အမည်ခံအကြမ်းဖက်အဖွဲ့၏ စေခိုင်းမှုများနှင့် အကြမ်းဖက်သမားများသည် နည်းလမ်းမျိုးစုံဖြင့် ပြည်သူများထံမှ ငွေညှစ်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မည်သည့်ကဏ္ဍမျှ မလွတ်ကင်းကြောင်း၊ Kaung For You ဖြစ်စဉ်ကဲ့သို့ ဖြစ်စဉ်များရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခက်အခဲ၊ အနှောင့်အယှက်အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ၎င်းတို့ အမြဲတိုင်းတာနေသည့် လူ့အခွင့်အရေးဆိုသည့် ပေတံကို ကြည့်မည်ဆိုပါက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂၆)တွင် လူတိုင်းပညာသင်ကြားခွင့်ရှိသည်၊ အနိမ့်ဆုံးမူလတန်းပညာကို အခမဲ့သင်ခွင့်ရှိသည်ဆိုသည့်အချက်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းအချက်ကို ပြည်သူ့အတွက်ဟု ပြောနေသည့် လူများက လိုက်နာနေကြပါသလားဟု မေးလိုကြောင်း၊ ပညာသင်ကြားပေးနေသည့်၊ ပညာသင်ယူနေကြသည့် ဆရာ ဆရာမများနှင့် ကလေးများကိုပင် လူတစ်ယောက်အနေဖြင့်ရော ဘာသာတရားအလိုက် အဆုံးအမများ၊ ကျင့်ဝတ်များအနေဖြင့်ပါ လက်မခံနိုင်သည့် မိုင်းထောင်ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းများကို ထိုအဖွဲ့များက လုပ်ဆောင်နေသည်မှာ ကလေးများကို အမှန်တကယ် ပညာတတ်စေလိုခြင်းလားဟု မေးကြည့်စေလိုကြောင်း။

*စာမျက်နှာ ၁၁ သို့*

# မိမိတို့၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် ပြန်ကြားပေးရန်နှင့် အသိပညာပေးရန်လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ လူထုအခြေပြုဗဟိုဌာန(Community Center)သို့ ရောက်ရှိပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန အတွင်းရှိ ကလေးစာဖတ်ခန်း၊ အားကစားခန်းမ၊ စာကြည့်တိုက်၊ ကွန်ပျူတာသင်တန်းခန်းမ၊ ပြတိုက်ငယ်နှင့် ဘက်စုံသုံးခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်၊ မြို့နယ် ဦးစီးအရာရှိများနှင့် ဝန်ထမ်းများကို တွေ့ဆုံ၍ ဒုတိယဝန်ကြီးက မိမိတို့၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် ပြန်ကြားပေးရန်နှင့် အသိပညာပေးရန် လုပ်ငန်းများကို ထိရောက် အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းတာဝန်များကို ကွပ်ကဲကြပ်မတ်မှု အနည်းဆုံးဖြင့် တာဝန်သိသိ သစ္စာရှိရှိဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ ခေါင်းဆောင်မှု ကောင်းမွန်စွာဖြင့် မိမိတို့၏ ရုံး၊ ဌာန လုပ်ငန်းများကို အောင်မြင်အောင်ကြိုးစား ဆောင်ရွက်ကြရန်နှင့် လူငယ်များအား အသိပညာဗဟုသုတကြွယ်ဝပြီး ဗလငါးတန်နှင့် ပြည့်စုံစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့သည်။

**သတင်းစဉ်**



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် လူထုအခြေပြုဗဟိုဌာနအတွင်းရှိ ပြတိုက်ငယ်အတွင်း ခင်းကျင်းပြသထားသော သမိုင်းအမွေအနှစ်အထိမ်းအမှတ်ပစ္စည်းများကို ကြည့်ရှုစဉ်။

# အင်းတော်ကြီးအိုင်အတွင်းသို့ ဇီဝိတဒါနအလှူအဖြစ် ငါးသားပေါက်ကောင်ရေ နှစ်သိန်း လွှတ်ပေး

**မိုးညှင်း ဇူလိုင် ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင် အတွင်းသို့ ပထမအကြိမ်အနေဖြင့် အလှူရှင်တစ်ဦးမှ ဇီဝိတဒါနအလှူအဖြစ် ငါးသားပေါက်အကောင်ရေ နှစ်သိန်းကို ဇူလိုင်လနောက်ဆုံးပတ် ပထမရက်တွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးသားပေါက်အကောင်ရေများ လွှတ်ပေးရာတွင် သဘာဝဘေးမဲ့တောဖြစ်သည့် အင်းတော်ကြီးအိုင်အတွင်း၌ ငါးသယံဇာတများ ပေါကြွယ်ဝပြီး ငါးမျိုးစိတ်များပြုန်းတီးမှု မဖြစ်ပေါ်စေရန်အတွက် ရည်ရွယ်၍ အလှူရှင်ဖြစ်သည့် မန္တလေးမြို့ စက်မှု(၁)ရပ်ကွက်နေ ဦးစိုးမိုးအောင်နှင့် ဇနီးဒေါ်နန်းခမ်းလောဝ်မိသားစုများမှ ငါးမြစ်ချင်းအကောင်ရေ တစ်သိန်းနှင့် ငါးခုံးမအကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ၎င်းအလှူရှင်မိသားစုသည် ရွှေမဇ္ဈူဘုန်းတော်ကြီးကျောင်းဆောင်သစ်အတွက် အလှူတော်ငွေကျပ်သိန်း ၅၀၀ လှူဒါန်းခဲ့သည့်အပြင် ရွှေမဇ္ဈူရေလယ်ဘုရားပါတ်လမ်းအတွက် ကျောက်ပြားလှူဒါန်းသွားမည်ဖြစ်ကြောင်း ရွှေမဇ္ဈူရေလယ်ဘုရား ဂေါပကအဖွဲ့ဝင်တစ်ဦးထံက သိရသည်။



အင်းတော်ကြီးအိုင်အတွင်းသို့ ငါးမျိုးစိတ်များ ထည့်သွင်းခြင်းမှာ ငါးလုပ်ငန်းဦးစီးဌာနမှ ထည့်သွင်းခြင်းသာရှိခဲ့ပြီး ယခုအခါတွင် အလှူရှင်များအနေဖြင့် အဆိုပါငါးသားပေါက်များ လှူဒါန်းခဲ့ခြင်းမှာ ပထမအကြိမ်ဖြစ်ကြောင်းနှင့် အင်းတော်ကြီးအိုင်တွင် ငါးမျိုးစိတ်ပေါင်း ၉၃ မျိုး ရှိကြောင်း သိရသည်။

**ဖွဲ့သူရအောင် (ပြန်/ဆက်)**

# ပန်းလှိုင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကျော် ငါးမျိုးစိုက်ထည့်ပေး

**ထန်းတပင် ဇူလိုင် ၂၈**

ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည် ထိန်းသိမ်းရေး၊ ဒေသခံပြည်သူများအလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ ပြန့်ပွားစေရန်နှင့် ငါးရိက္ခာများ ရေရှည်စားသုံးနိုင်ရန် ရည်ရွယ်ကာ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက် ကျွန်းငူကမ်းနားရှိ ပန်းလှိုင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကျော် ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုများဖြင့် ငါးမျိုးစိုက်ထည့်ခြင်းများကို တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိပြီး ပန်းလှိုင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကိုလည်း တိုင်းဒေသကြီး၊ ခရိုင်တာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ရှိသူများ ပူးပေါင်းကာ လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန်ငါးလုပ်ငန်းစခန်းတို့မှ ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကျော်တို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

*စာမျက်နှာ ၁၀ မှ*

ယခုလိုဖြစ်ရန် စေခိုင်းနေသည့်သူများ၏ သားသမီးများကရော မည်သည့် နေရာတွင် ပညာသင်ကြားနေပါသလဲ၊ ၎င်းတို့ကိုယ်တိုင် ဦးဆောင်ပါဝင်နေသော ၎င်းတို့သတ်မှတ်ထားသည့် ၎င်းတို့အစိုးရဟု သတ်မှတ်ထားသည့် အစိုးရကဖွင့်သည့် ကျောင်းများတွင် ကျောင်းတက်နေပါသလား၊ ယခုကဲ့သို့လုပ်ရန် တိုက်တွန်းနေသည့် သူများကရော မည်သည့်နေရာတွင် နေထိုင်နေကြပါသလဲ၊ အလှူခံကောင်းရုံဓာတ်ပုံများရိုက်ပြခြင်းများတော့ ရှိနိုင်ကြောင်း၊ ၎င်းတို့ဘယ်လိုနေရာများတွင် နေထိုင်နေကြပါသလဲ၊ ၎င်းတို့၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် လူငယ်အများအပြား ဆုံးရှုံးနေရကြောင်း၊ အမှန်တကယ် အလှူငွေများရနေသည်မှာ မည်သူများလဲ၊ ယခု Kaung For You ဖြစ်စဉ်တွင် အလှူငွေတောင်မဟုတ်သည့် ပညာသင်ကြားခများကိုပင် ကိုယ်ကျိုးကိစ္စများအတွက် သုံးစွဲနေသည်ကို တွေ့ရကြောင်း၊ ဘက်စုံအတွက် လှူသည်ဆိုသည့် ငွေများဆိုလျှင် ဘက်စုံသုံး၊ ဘက်စုံဘုံးနေကြမည်မှာ အသေအချာဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်တွင်သာမက ဖမ်းဆီးရမိသည့် ဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ၎င်းတို့ကိုယ်တိုင် ဝန်ခံထားသည့် ထွက်ဆိုချက်များတွင်ရရှိသည့် အလှူငွေများကို လောင်းကစားလုပ်ခြင်း၊ ကိုယ်ကျိုးအတွက် အိမ်၊ ခြံများဝယ်ခြင်း၊ လက်ဝတ်ရတနာများဝယ်ခြင်း၊ အခကြေးငွေပေး၍ အမျိုးသမီးများနှင့် ပျော်ပါးသည့်နေရာများတွင် သုံးစွဲခြင်းနှင့် မူးယစ်ဆေးသုံးစွဲသည့်နေရာများတွင် အသုံးချနေကြသည်ကို ၎င်းတို့၏ ထွက်ဆိုချက်များတွင် တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်သည့် Video File များကိုလည်း ပြသပြီးဖြစ်ကြောင်း၊ ယခင် ပြသပြီးသား Video File တစ်ခုကို ပြန်လည်ပြသမည်ဖြစ်ကြောင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိခိုက်စေရန် ပြသခြင်းမဟုတ်ကြောင်းပြောကြား၍ Video File ကို ပြသသည်။

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းအသီးသီးတွင် သွေးထိုးလှုံ့ဆော်မှုများကြောင့် ရောက်ရှိနေသည့် လူငယ်များ၏ ရင်လေးဖွယ်ရာအဖြစ်များနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းများကို တွေ့ရမည်ဖြစ်ကြောင်း၊ အမျိုးသမီးငယ်အတော်များများတွင် ကိုယ်ဝန်များရှိနေကြသည်ကိုလည်း မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတို့အပေါ် လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ အမြတ်ထုတ်မှုများ ရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ မီဒီယာတစ်ခုကလည်း မိမိတို့၏ ရေးသားချက်များအပေါ် ပြင်းပြင်းထန်ထန် ပြန်လည်ရေးသားခဲ့ကြောင်း၊ ဆန့်ကျင်၍ ရေးသားခြင်းမဟုတ်ဘဲ ထိုသို့မဖြစ်သင့်ကြောင်းကို ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ထူးခြားသည်မှာ NUG အကြမ်းဖက်အဖွဲ့အစည်းနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းအသီးသီးတွင် သွေးထိုးလှုံ့ဆော်မှုများကြောင့် ရောက်ရှိနေသည့် အမျိုးသမီးငယ်များရှိကြောင်း၊ ၎င်းတို့အပေါ်တွင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ၊ အမြတ်ထုတ်မှုများရှိနေကြောင်းကို တွေ့ရပါကြောင်း၊ စိတ်မကောင်းစွာနှင့်ပြောရလျှင် အချို့ကိစ္စများမှာ လူမှုအရသာခံစားရန်အတွက် ပွဲတော်ကြီးတစ်ပွဲသဖွယ် ဖြစ်နေသည်ကို အံ့သြစွာတွေ့ရကြောင်း၊ အချို့ကိစ္စများဆို မိမိပြောစရာမလိုကြောင်း၊ ၎င်းတို့ကိုယ်တိုင် ပေါက်ကွဲထွက်နေကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

နှစ်ထပ်ကွမ်းသက်တမ်းရှိနေပြီဖြစ်သည့် နွေဦးတော်လှန်ရေး၊ ၎င်းတို့ယခုပြောသည့် အရေးတော်ပုံကြီး အောင်မြင်ရန် NLD က မွေခံထိုက်စေဘဝနှင့် ဆင်းသက်လာကြသည့် လက်ပါးစေခေါ်မည်လား လက်ကိုင်တုတ်ခေါ်မည်လား အလှူခံစားနေကြသည့်သူများ တစ်ယောက်နှင့်တစ်ယောက် တည့်ကြရဲ့လား၊ ညီညွတ်ကြသလား၊ စည်းလုံးကြသလား၊ ဖေးမကြသလားဆိုသည်ကို လူမှုကွန်ရက်စာမျက်နှာများတွင်တင်၍ ပြောဆိုနေကြသည်များကိုသာ ကြည့်စေလိုကြောင်း၊ မိမိတို့ ပြောနေစရာပင် မလိုကြောင်း၊ လေတပ်ချီပြီး လေစစ်တိုက်နေကြသည်ကိုတော့ တွေ့ရကြောင်း၊ မည်သူကမည်မျှလှူပါသည်ဆိုသည်ကိုပင် အလှူရှင်များ၏ လုံခြုံရေးအရ ချမပြဘူးဆိုသည့် အကြောင်းပြချက်ကြီးက အခိုင်အခန့်ရှိနေလေတော့ မည်သူက မည်မျှလှူမှန်းမသိ၊ ကျန်သည့်လူက လူမြင်ကောင်းအောင် လှူပြ၊ အလှူခံပုဂ္ဂိုလ် မိသားစုအတွက်သာဖြစ်သွားသည်ကိုလည်း တွေးခေါ်ရန်လိုကြောင်း၊ အမေရိကန်လို နိုင်ငံမျိုး၌ မိမိသာမက မိသားစုတစ်ခုလုံးကို မည်သည့်အလုပ်မှလည်း မည်မည်ရရပြစရာမရှိဘဲ ခေါ်ထားနိုင်ခြင်းသည်လည်း စဉ်းစားစရာပင်ဖြစ်ကြောင်း၊ ယင်းနိုင်ငံတွင်တော့ ထိုက်သင့်သည့် အထောက်အပံ့များ ရလိမ့်မည်ဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာသူအချို့၏ ပြောပြချက်များအရ ရရှိသည့် ထောက်ပံ့မှုများကလည်း ၎င်းတို့အတွက် နေထိုင်စားသောက်စရိတ်ခန့်သာ ပေးခြင်းဖြစ်ပြီး သုံးဖြုန်း ပျော်ပါးရန်မလုံလောက်ကြောင်း၊ သို့သော် ၎င်းတို့ မည်သို့ပျော်ပါးနေကြသည်၊ မည်သို့ လုပ်ဆောင်နေကြသည်၊ ၎င်းတို့ သားသမီးများ ကျောင်းများ မည်သို့တက်နေကြသည်၊ မည်သို့နေထိုင်ကြသည်ကို လူမှုကွန်ရက်တွင် ၎င်းတို့တင်ထားသည်ကို ကြည့်လျှင်ပင် သိမြင်နိုင်ကြောင်း၊ ထိုအရာများသည် ခိုင်မာသည့် သက်သေအထောက်အထားများဖြစ်သည်ဟု ပြောလိုပါကြောင်း။

(*ဆက်လက်ဖော်ပြပါမည်*)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၀ | ၁၈၇၀ | ၁၈၆၅ | ၁၈၃၀ | ၁၈၆၅ | ၁၈၉၀ | ၁၈၇၅ | ၁၈၅၅ | ၁၉၅၀ | ၁၉၆၅ | ၁၈၆၀ | ၁၈၇၀ | ၁၉၀၅ | ၁၉၀၅ | ၁၉၀၅ | ၂၁၂၅ | ၂၆၂၀ |
| 95 Ron | ၁၈၉၀ | ၁၉၃၅ | ၁၉၃၅ | ၁၉၀၀ | ၁၉၃၅ | ၁၉၅၅ | ၁၉၄၅ | ၁၉၂၀ | ၂၀၁၅ | ၂၀၃၀ | ၁၉၂၅ | ၁၉၄၅ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၁၉၅ | ၂၆၇၅ |
| HSD (500 ppm) | ၂၁၆၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၃၀ | ၂၂၃၀ | ၂၁၉၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၇၀ | ၂၉၀၅ |
| HSD (50 ppm) | ၂၂၂၀ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၆၀ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၂၅ | ၂၉၃၅ |
| HSD (10 ppm) | ၂၂၂၀ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၆၀ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၂၅ | ၂၉၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၂၉ | ၁၇၉၇ |
| 95 Ron | ၁၇၉၅ | ၁၈၆၄ |
| HSD (500 ppm) | ၂၀၆၂ | ၂၁၃၂ |
| HSD (50 ppm) | ၂၁၁၇ | ၂၁၈၈ |
| HSD (10 ppm) | ၂၁၁၇ | ၂၁၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

○ *ကျောဖုံးမှ*

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီတွင် ရေဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် လက်ပန်ကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ အကြမ်းဖက်သမားများက မီးရှို့ထွက်ပြေးသွားခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၃၅ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ကျောင်းရုံးခန်းနှင့် စာကြည့်တိုက်တွဲလျက်အဆောက်အဦအတွင်းရှိ စာရွက်စာတမ်းများ၊ ပြဋ္ဌာန်းစာအုပ်များ၊ သံဗီရို တစ်လုံး၊ သစ်သားဗီရို နှစ်လုံး၊ ဆုံလည်ကုလားထိုင် တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များအပေါ် ဝိုင်းဝန်း ဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှု သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ် ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်




အကြမ်းဖက်သမားများ မီးရှို့သွားသည့် ပန်းတနော်မြို့နယ် လက်ပန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား တွေ့ရစဉ်။

## စားသုံးဆီပိဿာ ၃၃၀ ကျော် ကျေးရွာအရောက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**ဥတ္တရ ဇူလိုင် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ဦးဆောင်မှုဖြင့် တပ်ကုန်းမြို့နယ် ဆီကုန်သည်အသင်းဝင်တို့ ပူးပေါင်းပြီး ပြည်သူများ မီးဖိုချောင်သုံး စားသုံးဆီဈေးနှုန်း သက်သာစွာ ဝယ်ယူနိုင်ရေး ယနေ့နံနက် ၁၀ နာရီက ရေအေးကျေးရွာအုပ်စု ရေအေးကျေးရွာသို့ ကွင်းဆင်းရောင်းချပေးကြောင်း သိရသည်။



ထိုသို့ ရောင်းချပေးရာတွင် တပ်ကုန်းမြို့နယ် ဆီကုန်သည်အသင်းဝင် ကိုဇော်ဇော်လတ်၊ ကိုဇော်လတ် - မအိမွန် (ဝင်းသီရိ) ကုန်စုံဆီဆိုင်မှ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၉၀၀ နှုန်း၊ လူတစ်ဦးလျှင် ၅၀ ကျပ်သားနှုန်းဖြင့် ဆီပိဿာ ၃၃၀ ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■ *ကျောဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရတနာပုံအသင်းမှာမူ ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သည်။ နှစ်သင်းစလုံး တိုက်စစ်ဦးစားပေးကစားခဲ့သော်လည်း ရတနာပုံအသင်းမှာမူ မိနစ် ၂၀ အတွင်း နှစ်ဂိုးရရှိခဲ့သဖြင့် ပွဲကို ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ၁၀၊ ၁၉ မိနစ်တွင် ရဲရင့်အောင်က သွင်းယူခဲ့ခြင်းဖြစ်ပြီး ဒုတိယဂိုးမှာမူ ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ချေပဂိုးပြန်လည်ရရှိရန် ကြိုးပမ်းသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရခဲ့ပေ။ ရတနာပုံအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၅၄ မိနစ်တွင် သက်နိုင်က သွင်းယူခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ နည်းပြအပြောင်းအလဲ ပြုလုပ်ထားသော်လည်း ရလဒ်မကောင်းသေးဘဲ ငါးပွဲစလုံး အရှုံးနိမ့်ထားခြင်းဖြစ်သည်။

ပွဲစဉ် (၅) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ငါးပွဲနိုင် ရမှတ် ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရန်ကုန်အသင်းက လေးပွဲနိုင်၊ တစ်ပွဲရှုံး၊ ရမှတ် ၁၂ မှတ်၊ ရှေဝတီအသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၁၀ မှတ်၊ မြဝတီအသင်းက သုံးပွဲနိုင်၊ နှစ်ပွဲရှုံး၊ ရမှတ် ကိုးမှတ်၊ ဟံသာဝတီ၊ ရတနာပုံနှင့် အားကာသိပ္ပံအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ် ခုနစ်မှတ်စီ၊ မဟာယူနိုက်တက်နှင့် GFA အသင်းက တစ်ပွဲနိုင်၊ လေးပွဲရှုံး၊ ရမှတ်သုံးမှတ်စီ ရရှိထားကာ ရခိုင်အသင်းမှာမူ ငါးပွဲစလုံး ရှုံးပြီး အမှတ်မရရှိသေးပေ။

**ရဲရင့်လွင်**



## စည်ပင်သာယာရေးလုပ်ငန်းများကို ပြည်သူများ၏ အခွန်အခများဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ရသည့်အတွက် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ရမည်

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်ပနိုင်ငံများသို့ သင်တန်းနှင့် လေ့လာရေးတက်ရောက်ခဲ့သူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကောင်းမွန်သော ပြုပြင်မှုဖြင့် စုပေါင်းဆောင်ရွက်ရန် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများကို ပြည်သူများ၏ အခွန်အခများဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ရသည့်အတွက် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ငွေကြေးသုံးစွဲရသည့် ဌာနဖြစ်၍ မှန်မှန်ကန်ကန်သုံးစွဲပြီး ခွင့်ပြုငွေအတိုင်း အကျိုးရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေအဆင့်ထိ ကွင်းဆင်းပြီး ဌာနတစ်ခုနှင့်တစ်ခု ပေါင်းစပ်ညှိနှိုင်း၍ ရည်မှန်းချက် (၃) ရပ်ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိရာထူးအဆင့်အလိုက် လုပ်ငန်းများကို တာဝန်ယူမှု တာဝန်ခံမှုရှိရမည် ဖြစ်ကြောင်း၊ စည်ပင်သာယာရေး ကော်မတီ၏ နည်းဥပဒေများနှင့် လုပ်ငန်းတာဝန်များကို သိရှိကျွမ်းကျင်အောင် လေ့လာရန်လိုအပ်ပြီး မန္တလေးမြို့တော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက် ဆောင်ရွက်မည့် အမြင်ရှိပြီး ကောင်းမွန်သော အကြံပြုချက်များကို တင်ပြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံပြီး ပြည်ပနိုင်ငံများသို့ သင်တန်းနှင့်လေ့လာရေး စေလွှတ်ပေးခြင်းဖြစ်၍ သင်ကြားလေ့လာခဲ့သော အတွေ့အကြုံများဖြင့် မြို့ဖွံ့ဖြိုးတိုးတက်အောင် စာတွေ့လက်တွေ့ ပြန်လည်အသုံးချတတ်ရန် လိုကြောင်း၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုလုပ်ငန်းများနှင့် စွမ်းဆောင်နိုင်မှုအပေါ်မူတည်ပြီး လူမှန်နေရာမှန်ထားရှိရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများ ဖြစ်သည့်အတွက် ပါတီနိုင်ငံရေးကင်းရှင်းပြီး ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရည်မှန်းချက်(၃)ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး မြို့တော်စည်ပင်မှ ပြည်ပနိုင်ငံများသို့သင်တန်းနှင့် လေ့လာရေးတက်ရောက်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများက တစ်ဦးချင်းမိတ်ဆက်ပြီး မိမိတို့ လေ့လာသင်ယူခဲ့သော အတွေ့အကြုံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်း သီလရှင်ကျောင်းများရှိ သီလရှင်များအား အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် သဒ္ဒါရုံ/မင်းနန္ဒာ စည်ပင်အိမ်ရာဝင်းသို့ သွားရောက်၍ အိမ်ရာဝင်းအတွင်း ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန်အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၈၀) ရပ်ကွက် အောင်သပြေ(၂)လမ်းရှိ ပါရမီ သီလရှင်ကျောင်းတိုက်သို့ သွားရောက်၍ မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့၊ ဥက္ကဋ္ဌ သီလရှင်ဆရာကြီး ဒေါ်ကိသာရထေရီ၊ ဝိသာခါ သီလရှင်ပညာရေးကျောင်း အမှူးပြုသော မြို့နယ်အတွင်းရှိ သီလရှင်ကျောင်းများသို့ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ဝန်ထမ်းမိသားစုများက နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို တက်ရောက်သည်။

အစီအစဉ်အရ ပင့်ဖိတ်ထားသော သီလရှင်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ဆက်လက်၍ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းရာ ရန်ကုန်မြို့တော်ဝန်က ဝိသာခါ သီလရှင်ပညာရေးကျောင်း၊ ပါရမီ သီလရှင်ကျောင်း၊ အနန္တဂုဏ်ရည် သီလရှင်ကျောင်းများကို လည်းကောင်း၊ ဒုတိယမြို့တော်ဝန်က အလင်းရောင်သီလရှင်ကျောင်း၊ ကန့်ဘလူ သီလရှင်ကျောင်းများကိုလည်းကောင်း၊ အတွင်းရေးမှူးက အောင်မြေဘုံစံ(ကွမ်းခြံကုန်း)သီလရှင်ကျောင်း၊ သမိဒ္ဓေါဒယ ဇေယျသုခ သီလရှင်ကျောင်းများကို လည်းကောင်း၊ ကော်မတီဝင်များက ဓမ္မမဥ္ဇူသာသီလရှင်ကျောင်း၊ သမိဒ္ဓေါဒယ မင်းဘူးသီလရှင်ကျောင်းနှင့် မြတ်သီတာနမ့်လင်း သီလရှင်ကျောင်းများကို လည်းကောင်း နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့၊ အတွင်းရေးမှူး ဆရာကြီး ဒေါ်ဂုဏစာရီက ဝမ်းမြောက်ကြောင်း အနုမောဒနာစကား ပြောကြားပြီး ရေစက်သွန်းချ အမျှဝေသည်။ ထို့နောက် မြို့တော်ဝန်သည် သီလရှင်ကျောင်းဝန်းကျင် လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် လမ်းများကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်သို့ သွားရောက်၍ သစ်ရွက်ဆွေးမှ EM Bokashi မြေဩဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်သူ့ရင်ပြင်နှင့် ပြင်သူ့ဥယျာဉ်အတွင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ပျိုးပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ ရောင်စုံပန်းများ စိုက်ပျိုးနိုင်ရန် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

သတင်းစဉ်

## ထားဝယ်မြို့နယ် သဘန်ချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ထားဝယ် ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများပိုမိုရရှိစေနိုင်ရေးတို့အတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ထားဝယ်မြို့နယ် ဇဟာကျေးရွာကရဝိက်သိမ်တော်အနီး သဘန်ချောင်း၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုး၊ ဒုတိယ တိုင်းဦးစီးဌာနမှူး၊ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ထားဝယ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀၀ နှင့် ငါးခုံးမကြီး ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်း ကောင်ရေ ၃၅၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားပျော့နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

မိုး/ဇလ

## နတ်တလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မိုးရာသီစိုက်ပျိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**နတ်တလင်း ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မြို့နယ်အတွင်းရှိ အချိန်စေ့ချေးငွေပြေကျေပြီးသည့် လယ်သမားများသို့ မေလမှစတင်၍ ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၂၈ ရက်အထိ ရပ်ကွက်/ ကျေးရွာအုပ်စု ၄၀ မှ လယ်သမား ၄၆၂၁ ဦးသို့ ၂၇၉၀၅ ဧကအတွက် ချေးငွေပေါင်း ၄၁၈၅၇ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နတ်တလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အနေဖြင့် အချိန်စေ့ ချေးငွေပြေကျေသည့် လယ်သမားများသို့ ဆက်လက် ထုတ်ချေးပေးလျက်ရှိပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၈၄ အုပ်စုမှ လယ်မြေဧက ၄၈၄၁၀ အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေါင်း ၄၁၈၅၇ ဒသမ ၅ သိန်းကို စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးရန် လျာထားကြောင်း မြို့နယ်မန်နေဂျာထံမှ သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာ

ဝါရှင်တန် ဇူလိုင် ၂၈

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ်-၁၉ ကူးစက်မှုမရှိတော့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ဇူလိုင် ၂၇ ရက်က အိမ်ဖြူတော်တွင် ပထမဆုံး လူကိုယ်တိုင် လာရောက်မိန့်ခွန်းပြောကြားခဲ့သည်။**

မိမိ၏ရောဂါလက္ခဏာမှာ အပျော့စားဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ လျင်လျင်မြန်မြန် ပြန်ကောင်းလာပြီး ကျန်းမာနေပြီဖြစ်ကြောင်း ဘိုင်ဒင်က နှင်းဆီဥယျာဉ်တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ သည် အမေရိကန်ပြည်ထောင်စုမှ မထွက်ခွာသေးကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့် ကုသမှုများကြောင့် ပြင်းထန်သော ကိုဗစ်-၁၉ အခြေအနေကို ရှောင်ရှားနိုင်ကြောင်း ဘိုင်ဒင်က လူထုကို ပြောကြားလိုက်သည်။

ဘိုင်ဒင်သည် ဇူလိုင် ၂၆ ရက် ညနေနှင့် ဇူလိုင် ၂၇ ရက်နံနက်တွင် ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်ဟု အိမ်ဖြူတော် သမားတော် ဒေါက်တာ ကယ်ဗင်အိုကွန်နာက ပြောသည်။

ဘိုင်ဒင်သည် သီးသန့်ခွဲခြားနေထိုင်မှုကာလကို ရပ်တန့်လိုက်မည်ဖြစ်သော်လည်း စမ်းသပ်မှုများ ထပ်ကာထပ်ကာလုပ်နေစဉ် နောက်ထပ် ၁၀ ရက်ကြာသည်အထိ ပါးစပ်နှာခေါင်းစည်းဆက်လက် တပ်ဆင်ထားမည်ဖြစ်သည်။

ဆင်ဟွာ



ဇူလိုင် ၂၇ ရက်က ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော် နှင်းဆီဥယျာဉ်တွင် မိန့်ခွန်းပြောနေသော အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်။

# ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့ရာ လူငါးဦးသေဆုံး

မနီလာ ဇူလိုင် ၂၈

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း လူဇုံကျွန်းတွင် ဇူလိုင် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ က အင်အား ၇ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ ငါးဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၃၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ဖေ့စ်ဘွတ်ခ်ပေါ်သို့ တင်လိုက်သော ရုပ်သံဖိုင်တစ်ခုတွင် ငလျင်လှုပ်ခတ်မှုကြောင့် မြောက်ပိုင်း ဗီဂန်မြို့ရှိ သမိုင်းဝင်ခေါင်းလောင်းမျှော်စင်ကြီး ပြိုကျပျက်စီးနေသည်ကို တွေ့မြင်ရသည်။

လူနေအိမ်များနှင့် အဆောက်အအုံများလည်း ပြိုကျပျက်စီးခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောသည်။ ငလျင်ကြောင့် လူပေါင်း မြောက်မြားစွာ ပြိုကျအပျက်အစီးပုံများကြားတွင် ပိတ်မိနေခဲ့သည်။



ဖိလစ်ပိုင်၌ ငလျင်လှုပ်မှုကြောင့် ကားတစ်စီး အဆောက်အအုံပျက်အောက်တွင် ပိနေသည်ကို တွေ့ရစဉ်။

အဆိုပါငလျင်သည် မြို့တော်မနီလာတွင်လည်း လှုပ်ခတ်ခဲ့သည်။ ငလျင်လှုပ်ခတ်ပြီးနောက် ထပ်မံ ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များကို စိုးရိမ်သောကြောင့် ပြည်သူများကို မြင့်မားသော အဆောက်အအုံများ၏ အဝေးသို့ ပြောင်းရွှေ့နေထိုင်ရန် တိုက်တွန်းထားသည်။ ငလျင်လှုပ်ခတ်ခြင်းများသည် ပစိဖိတ်ငလျင်ကျောတွင် တည်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံ၌ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

၂၀၁၃ ခုနှစ်က ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ရာ လူပေါင်း ၂၀၀ ထက်မနည်းသေဆုံးခဲ့သည်။

အင်န်အိတ်ချ်ကေ

# ပါကစ္စတန်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်စဉ်များတွင် လူပေါင်း ၃၀၀ ကျော်သေဆုံး

ဘလူချီစတန် ဇူလိုင် ၂၈

ပါကစ္စတန်နိုင်ငံရှိ ပြည်သူများသည် မုတ်သုံမိုးရွာသွန်းမှုများမှတစ်ဆင့် ရေကြီးမှုဒဏ်ကို သီတင်းပတ်အတော်ကြာ ခံစားခဲ့ရသည်။

ဇွန်လလယ်မှစကာ သေဆုံးသူပေါင်းမှာ ၃၃၀ ထက် ကျော်လွန်လာပြီဖြစ်သည်။

နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန် ပြည်နယ်၏ ရေကြီးမှုဖြစ်ပွားရာ ဒေသများတွင် နေထိုင်သူများသည် ရေလွှမ်းမိုးနစ်မြုပ်နေသော လမ်းများပေါ် အတန်းလိုက် လျှောက်ခြင်းအားဖြင့် ရေဘေးမှလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြသည်။**(အောက်ပုံ)**

သီတင်းပတ်ပေါင်း များစွာကြာအောင် ရွာသွန်းခဲ့သော မုတ်သုံမိုးက နိုင်ငံတွင်းရှိ လမ်းများ၊ တံတားများနှင့် အိမ်ခြေ ၈၀၀၀ ကျော်ကို ပျက်စီးစေခဲ့သည်။ လတ်တလောတွင် ပါကစ္စတန်နိုင်ငံသည် မုတ်သုံရာသီအလယ်သို့ ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံအတွင်းရှိ ဒေသအတော်များများ ယခုနှစ်တွင် သာမန်မိုးရွာသွန်းမှုထက်ပိုသည့် မိုးရေချိန်ကို ကြုံတွေ့ရမည်ဖြစ်သည်။

ရာသီဥတု ပြောင်းလဲခြင်းအပေါ် အစိုးရအရာရှိများက ပြစ်တင်ခဲ့သည်။ အစိုးရအရာရှိများက ရေလွှမ်းသည့်ဒေသများတွင် နေထိုင်သူများကို မိုးလေဝသသတင်း အချက်အလက်များကို အမြဲဂရုပြုကြရန်နှင့် ဘေးကင်းစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့ရန် တိုက်တွန်းထားသည်။

မိုးရွာသွန်းမှုကြောင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်လာပြီး ထိုမှတစ်ဆင့် ဝမ်းရောဂါကူးစက်ပျံ့နှံ့မည့်အရေးကို စိုးရိမ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**




# ကမ္ဘာ့ထိပ်တန်း ရောင်းအားအကောင်းဆုံး ကားထုတ်လုပ်သူအဖြစ် တိုယိုတာ ဆက်လက်ရပ်တည်

တိုကျို ဇူလိုင် ၂၈

တိုယိုတာကားကုမ္ပဏီသည် ၂၀၂၂ ခုနှစ်ပထမခြောက်လအတွက် ကမ္ဘာ့ထိပ်တန်းရောင်းအားအကောင်းဆုံး ကားထုတ်လုပ်သူအဖြစ် ၎င်း၏အဆင့်ကိုဆက်လက်ထိန်းသိမ်းထားလိုက်သည်။ ရောင်းအားအကောင်းဆုံး ကားထုတ်လုပ်သူအဖြစ် ၎င်း၏အဆင့်ကို သုံးနှစ်ဆက်တိုက် ထိန်းသိမ်းထားနိုင်ခဲ့ခြင်းဖြစ်သည်။

တိုယိုတာက ဇန်နဝါရီလမှ ဇွန်လအထိ ၎င်းနှင့် ဒိုင်ဟက်ဆုနှင့် ဟီးနိုးကုမ္ပဏီလုပ်ငန်းစုတို့သည် ကမ္ဘာတစ်ဝန်း ကားအစီးရေ ၅ ဒသမ ၁၃ သန်းရောင်းချခဲ့ကြောင်း ပြောသည်။ အနီးကပ်ဆုံးပြိုင်ဘက်ဖြစ်သည့် ဖော့စ်ဝယ်ဂွန်အုပ်စု၏ ရောင်းအားဖြစ်သည့် ၃ ဒသမ ၈၇ သန်းထက် များစွာ သာလွန်ခဲ့သည်။

သို့သော်လည်း တိုယိုတာတစ်ခုတည်းအတွက် ခြောက်လတာ ပြည်တွင်းကားထုတ်လုပ်မှုသည် လွန်ခဲ့သောနှစ်ကထက် ၁၈ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တိုယိုတာကားကုမ္ပဏီသည် တစ်ပိုင်းလျှပ်ကူးပစ္စည်း ပြတ်တောက်မှုကြောင့် ဂျပန်စက်ရုံအချို့ကို လုပ်ငန်းလည်ပတ်မှုများ ဆိုင်းငံ့ခဲ့ရသည်။ အင်န်အိတ်ချ်ကေ

# အန်ဂိုလာ၌ ၁၇၀ ကာရက်ရှိ ရှားပါးလှသည့် ပန်းရောင်စိန်တုံးကြီးကို တူးဖော်တွေ့ရှိ

လူအန်ဒါ ဇူလိုင် ၂၈

Sociedade Mineira Do Lulo (SML) ကုမ္ပဏီလုပ်ငန်းစုက ၎င်း၏ လူလိုသတ္တုတွင်းမှ ရှားပါးလှသည့် ၁၇၀ ကာရက်ရှိ ပန်းရောင်စိန်တုံးကြီးကို တူးဖော်တွေ့ရှိခဲ့ကြောင်း ဇူလိုင် ၂၇ ရက်က ကြေညာလိုက်သည်။

အဆိုပါပန်းရောင်စိန်တုံးကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ အတွင်း အန်ဂိုလာတွင် တူးဖော်တွေ့ရှိခဲ့သည့် စိန်တုံးများအနက် အကြီးဆုံးဖြစ်ကြောင်း **(အောက်ပုံ)**အဆိုပါကုမ္ပဏီက ကြေညာချက်တွင် ထုတ်ပြန် ဖော်ပြခဲ့သည်။ “Lulo Rose” ဟု အမည်ပေးထားသော အဆိုပါပန်းရောင် စိန်တုံးကြီးကို နောက်ပိုင်းတွင် နိုင်ငံတကာ ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

လူလိုသတ္တုတွင်းမှ ယနေ့အချိန်အထိ တူးဖော်ရရှိခဲ့သည့် ကာရက် ၁၀၀ ကျော်ရှိသည့် စိန်တုံးကြီး ၂၇ တုံးအနက် Lulo Rose ဟုခေါ်သော ပန်းရောင်စိန်တုံးကြီးသည် ငါးခုမြောက်အကြီးဆုံးဖြစ်သည်။ **ဆင်ဟွာ**



# ဇူလိုင် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၉ ရာခိုင်နှုန်းရှိ

(၂၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၁၇,၉၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၀၀၉) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၈၆၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

(၂၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၆၉) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၁၁) ခု | (၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၂၉) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၇) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၆၆) ခု | (၉)ဦး |
| **စုစုပေါင်း** | **(၆,၁၉၈) ခု** | **(၁၈)ဦး** |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၈-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၇၆၁၈၆၅ | ၈၇၇၇၂၁၆၄ | ၁၀၅၃၉၆၉ |
| ၂။ | အိန္ဒိယ | ၄၃၉၅၉၃၂၁ | ၄၃၂၈၆၇၈၇ | ၅၂၆၂၁၁ |
| ၃။ | ဘရာဇီး | ၃၃၇၀၇၀၆၉ | ၃၂၁၉၀၃၆၁ | ၆၇၇၈၇၁ |
| ၄။ | ပြင်သစ် | ၃၃၆၈၉၆၅၇ | ၃၁၈၂၂၈၂၅ | ၁၅၁၇၈၂ |
| ၅။ | ဂျာမနီ | ၃၀၇၀၂၅၁၁ | ၂၈၇၃၇၇၀၀ | ၁၄၃၇၀၂ |
| ၆။ | ဗြိတိန် | ၂၃၃၀၄၄၇၉ | ၂၂၆၁၃၃၉၇ | ၁၈၃၉၅၃ |
| ၇။ | အီတလီ | ၂၀၈၃၇၂၃၃ | ၁၉၂၈၅၆၆၇ | ၁၇၁၄၃၉ |
| ၈။ | တောင်ကိုရီးယား | ၁၉၅၃၅၂၄၂ | ၁၈၄၈၆၉၁၃ | ၂၄၉၅၇ |
| ၉။ | ရုရှား | ၁၈၅၆၅၅၅၁ | ၁၇၉၅၈၄၆၃ | ၃၈၂၃၁၃ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## ၂၈-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၇၄၆၇၉ | ၉၈၈၈၄၆၈ | ၄၃၀၉၂ |
| အင်ဒိုနီးရှား | ၆၁၉၁၆၆၄ | ၅၉၈၈၀၅၂ | ၁၅၆၉၅၇ |
| မလေးရှား | ၄၆၆၄၂၁၃ | ၄၅၈၁၃၆၅ | ၃၅၉၄၂ |
| ထိုင်း | ၄၅၈၄၀၇၀ | ၄၅၂၈၈၂၀ | ၃၁၂၉၃ |
| ဖိလစ်ပိုင် | ၃၇၆၄၃၄၆ | ၃၆၇၃၇၄၅ | ၆၀၇၀၄ |
| စင်ကာပူ | ၁၆၈၅၈၈၉ | ၁၅၈၄၉၆၁ | ၁၄၉၀ |
| မြန်မာ | ၆၁၄၀၀၉ | ၅၉၂၈၆၅ | ၁၉၄၃၄ |
| လာအို | ၂၁၁၀၅၂ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၂၀၃၁၈၅ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၆၈၀ | ၁၃၃၄၅၄ | ၃၀၅၆ |

မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

# (၂၃)ကြိမ်မြောက် China International Travel Mart (CITM)၌ မြန်မာ့ခရီးသွားမြှင့်တင်ရေးဆောင်ရွက်နေမှုများခေါင်းစဉ်ဖြင့် ဆွေးနွေး




**နေပြည်တော် ဇူလိုင် ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန လေကြောင်းဦးစီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့က ကြီးမှူး၍ (၂၃)ကြိမ်မြောက် China International Travel Mart (CITM) ကို ယခုလအတွင်းကျင်းပခဲ့ပြီး ပြပွဲအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်မှု ပိုမိုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(ကူမင်း) စီးပွားရေးသံမှူး ဒေါက်တာဝေရီလင်းက မြန်မာ့ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နေမှုများ ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

CITM ကို ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ ကူမင်းမြို့၌ ကျင်းပခဲ့ရာ တရုတ်နိုင်ငံ၏ ပြည်နယ်အသီးသီးမှ ပြခန်းများ၊ မြူနီစပယ်မြို့များ၊ ကူမင်းအခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံးများ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ အပါအဝင် သက်ဆိုင်ရာဌာနနှင့် လုပ်ငန်းကုမ္ပဏီများ ပါဝင်ပြသခဲ့ကြပြီး ဖွင့်ပွဲသို့ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး H.E. Mr. Wang Ning၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo၊ တရုတ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhang Xu နှင့် ဌာနဆိုင်ရာများ၊ နိုင်ငံခြားသံရုံးမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကူမင်းမြို့အခြေစိုက် ကောင်စစ်ဝန်ချုပ်များ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး(ကူမင်း) ၏ ဦးဆောင်မှုဖြင့် မြန်မာပြခန်းကို ပြသခဲ့ရာ ခရီးသွားမြှင့်တင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာတို့ဖြင့် ရိုက်ကူးထားသော Myanmar–Be enchanted ဗီဒီယိုကို တီဗွီဖြင့် စဉ်ဆက်မပြတ် ပြသကြော်ငြာခြင်း၊ မြန်မာ့လက်မှုပညာများ ပြသခြင်းတို့အပြင် မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများဖြစ်သော ကျောက်စိမ်း၊ လက်ဝတ်ရတနာများ၊ ယွန်းထည်ပစ္စည်းများ၊ ကျောက်စီပန်းချီကားချပ်များ၊ အေးသာယာဝိုင်၊ လက်ဖက်ခြောက်၊ မြန်မာစတိုင်လက်ဖက်ရည်ချို Royal Myanmar Tea Mix များကိုလည်း ခင်းကျင်းပြသခဲ့ရာ လာရောက်ကြည့်ရှုသူများ၏ စိတ်ဝင်စားမှုများ ရရှိခဲ့သည်။

အဆိုပါ ခရီးသွားလုပ်ငန်းပြပွဲသို့ နိုင်ငံပေါင်း ၇၀ ကျော်မှ ပါဝင်ပြသခဲ့ကြောင်း ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ သိရသည်။

**သီရိ**

# လူငယ်စွန့်ဦးတီထွင်များ လန်ချန်း–မဲခေါင်ဒေသ၌ ပိုမိုထွက်ပေါ်လာရန်လိုအပ်




**နေပြည်တော် ဇူလိုင် ၂၈**

လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ပံ့ပိုးသည့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်မှုဆွေးနွေးပွဲ (Hybrid Seminar on Innovation and Young Entrepreneurship for Regional Development) ကို ဇူလိုင် ၂၂ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး သံမှူးကြီး Mr. Zheng Zhihong က အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခဲ့ပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်မှု ဆွေးနွေးပွဲသည် တရုတ်နိုင်ငံမှ ငွေကြေးထည့်ဝင်၍ ထူထောင်ထားသော လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေက ၂၀၁၉ ခုနှစ်တွင် ပံ့ပိုးထားသည့် စီမံကိန်း ၁၉ ခုထဲမှ တစ်ခုဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ လန်ချန်း–မဲခေါင်နိုင်ငံ အသီးသီးအတွက် ပလက်ဖောင်း ထောက်ပံ့ပေးကာ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှု အတွေ့အကြုံများ မျှဝေ၍ ဒေသတွင်း ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဆောင်ပေးရန် ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

မြန်မာ သံအမတ်ကြီးက တရုတ်နိုင်ငံမှ ငွေကြေးထည့်ဝင်၍ ထူထောင်ထားသော လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် မြန်မာနိုင်ငံအား ပံ့ပိုးကူညီပေးသည့်အတွက် မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း၊ လူငယ်များသည် မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံ တစ်ပုံနှင့် အထက်ရှိကြောင်း၊ လူငယ်များသည် မြန်မာနိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်း ဒေသနိုင်ငံများ၏ အနာဂတ်ဖြစ်ကြောင်း၊ ယခုအကြိမ် ဆွေးနွေးပွဲတွင် အောင်မြင်သော လူငယ်စီးပွားရေး လုပ်ငန်းရှင်များ၏ အတွေ့အကြုံကို မျှဝေ၊ ဖြန့်ဝေခြင်းဖြင့် လူငယ်များစွန့်ဦးတီထွင် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ကာ ပိုမိုများပြားသည့် လူငယ် စီးပွားရေးလုပ်ငန်းရှင်များအား မွေးထုတ်ပေးပြီး အသေးစား၊ အငယ်စားလုပ်ငန်း ပမာဏနှင့် အရည်အသွေးများ မြှင့်တင်ပေးကာ စီးပွားရေးတွင်အားလုံးပါဝင်မှုနှင့် စဉ်ဆက်မပြတ်တိုးတက်မှုကို တွန်းအားပေးသွားမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**သီရိ**

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် ဇူလိုင် ၂၈

**ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းများ သုံးရက်ဆက်တိုက်မြင့်တက်ခဲ့သည်။ ငရုတ်နှင့် ဆန်ဈေးများလည်း အနည်းငယ် မြင့်တက်လာခဲ့ပြီး မတ်ပဲဈေးနှုန်းကျဆင်းကာ ပဲစင်းငုံဈေးများ အနည်းငယ်မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရသည်။**

**ဆန်**

နယ်လက်ကျန်နည်းလာခြင်း၊ အသစ်ထွက်ပေါ်ရန် နှစ်ဝက်ခန့်အချိန်လိုခြင်းတို့ကြောင့် ရွှေဘိုပေါ်ဆန်းဈေးနှုန်း ထပ်မံမြင့်တက်လာရာ ဇူလိုင် ၂၇ ရက်တွင် ထိပ်စတစ်အိတ်လျှင် ကျပ် ၇၈၀၀၀ အထိ ဈေးမြင့်တက်လာသည်။ မြစ်ဝကျွန်းပေါ်ဒေသထွက် ပေါ်ဆန်းဆန်ချောများမှာ ဈေးနှုန်းမတက်သေးသော်လည်း လာမည့်ရက်များအတွင်း ဈေးအနည်းငယ်တက်ရန် အလားအလာရှိနေသည်ဟု ရန်ကုန်ဆန်ဈေးကွက်မှ သိရသည်။ ဆန်ကြမ်းအသစ်ထွက်ပေါ်ရန် နှစ်လဝန်းကျင်သာလိုသည့်အတွက် ဆန်ကြမ်းဈေးနှုန်းများ မပြောင်းလဲဘဲရှိနေသည်။ ဆန်ကြမ်းဈေးနှုန်းများမှာ ဇူလိုင် ၂၇ ရက်တွင် ပုသိမ်–မြောင်းမြ ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၃၀၀၀–၅၅၀၀၀၊ ဖျာပုံ ကျပ် ၅၂၀၀၀၊ ပေါ်ကျွဲ ကျပ် ၄၂၀၀၀၊ ရက် ၉၀ ဆန်ကြမ်းရှယ် ကျပ် ၃၅၀၀၀–၃၇၀၀၀၊ သီးထပ်ရှယ် ကျပ် ၃၂၅၀၀ နှုန်း အသီးသီးရှိနေသည်။

**ကြက်သွန်နီ/ကြက်သွန်ဖြူ**

ဇူလိုင် ၂၅၊ ၂၆ နှင့် ၂၇ ရက်တွင် ကြက်သွန်နီအရွယ်စုံ တစ်ပိဿာလျှင် ကျပ် ၅၀ စီ သုံးရက်ဆက်တိုက် ဈေးမြင့်လာခဲ့သည်။ ဇူလိုင် ၂၇ ရက်တွင်မူ ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီ ပိဿာချိန် ၁၈၀၀၀၀ ဝင်ရောက်လာပြီး ဆိပ်ဖြူလက်ကား တစ်ပိဿာ ကျပ် ၁၄၀၀–၁၇၀၀–၁၉၀၀–၂၀၀၀၊ မုံရွာ ကျပ် ၁၅၀၀–၁၈၅၀–၂၀၀၀–၂၁၀၀ နှုန်း အသီးသီးရှိလာသည်။ ကြက်သွန်နီထွက်ရှိရာ နယ်များဖြစ်သော ဆိပ်ဖြူတွင် ဇူလိုင် ၂၆ ရက် အမြင့်ဆုံးဈေး တစ်ပိဿာ ကျပ် ၁၆၅၀ နှုန်း၊ ပခုက္ကူတွင် အမြင့်ဆုံးဈေး ကျပ် ၁၆၅၀ နှုန်း ရှိခဲ့သည်။

ရှမ်းကြက်သွန်ဖြူ(အောင်ပန်း)မှာ လက်ကားတစ်ပိဿာ ကျပ် ၂၀၀၀–၂၆၀၀–၃၂၀၀–၃၇၀၀ နှုန်း၊ ကြူကုတ် ကြက်သွန်ဖြူ ကျပ် ၃၂၀၀ နှုန်း ရှိသည်။

**စားအုန်းဆီ**

ဇူလိုင် ၂၅ ရက်မှ ၃၁ရက်အထိ ရန်ကုန်အထိုင်ရည်ညွှန်းလက်ကားဈေး စားအုန်းဆီတစ်ပိဿာ ကျပ် ၃၆၆၅ ဖြစ်သော်လည်း ရန်ကုန်ပြင်ပ ဆီဈေးကွက်အတွင်း လက်ကား အလှယ်ပီပါဈေး တစ်ပိဿာ ကျပ် ၈၄၀၀ နှုန်းရှိသည်။

**မတ်ပဲနှင့် ပဲစင်းငုံနီ**

ဇူလိုင် ၂၇ ရက်တွင် ပဲတစ်တန်ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC ကျပ် ၁၆၄၃၀၀၀၊ SQ/RC ကျပ် ၁၈၈၅၀၀၀၊ ပဲစင်းငုံနီ Red/RC ကျပ် ၁၄၉၅၀၀၀ နှုန်း ရှိသည်ဟု သိရသည်။ ဇူလိုင် ၂၇ ရက်တွင် မတ်ပဲနှစ်မျိုး ကုန်သေတ္တာ ၂၀ (တန်ချိန် ၄၈၀၀) အရောင်းအဝယ်ဖြစ်သည်ဟု သိရသည်။ ဇူလိုင် ၂၀ ရက်တွင် မတ်ပဲ FAQ/RC တစ်တန် ကျပ် ၁၆၇၀၀၀၀ နှုန်းရှိခဲ့ရာမှ ဈေးကျလာသည်။ ပဲစင်းငုံနီမှာမူ ယင်းရက်တွင် တစ်တန် ကျပ် ၁၄၉၀၀၀၀ နှုန်း ရှိခဲ့ရာမှ ယခု ဈေးအနည်းငယ်တက်လာသည်။

**အောင်ခင်နိုင်**

# ဈေးကွက်ဖြန့်ဖြူးပြီးထုတ်ကုန်များ ASEAN-ROK Startup သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်

**ရန်ကုန် ဇူလိုင် ၂၈**

ASEAN–Korean Center (AKC)က ကြီးမှူး၍ ASEAN–ROK Startup Week 2022 ကို လာမည့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပရန် စီစဉ်လျက်ရှိပြီး Startup လုပ်ငန်းများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဖိတ်ကြားထားကြောင်း သိရသည်။

အဆိုပါ ASEAN–ROK Startup Week 2022 တွင် Acceleration Programme: ပြိုင်ပွဲဝင်များနှင့် Korean/Global Startup ကျွမ်းကျင်သူများအား AKC မှ ချိတ်ဆက်ပေးခြင်း၊ ASEAN Startup များနှင့် Korean/Global မှ Venture Capital များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ပေးခြင်း၊ Startup များက ၎င်းတို့၏ Business Model များ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို အကဲဖြတ်ဒိုင်များရှေ့မှောက်တွင် ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ရမည်ဖြစ်ကာ ပထမဆု အမေရိကန်ဒေါ်လာ ၃၀၀၀၀ နှင့် Next Rise 2023 တွင် ပါဝင်နိုင်ခွင့်၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်မည့် Startup များအနေဖြင့် သုံးစွဲသူများ၏ တုံ့ပြန်မှုရရှိရန်အတွက် ဈေးကွက်အတွင်း စမ်းသပ်ဖြန့်ဖြူးထားပြီးဖြစ်သော (Minimal Viable Product ထုတ်လုပ်ပြီးသော) Startup များဖြစ်ရန်လိုအပ်ပြီး အဆိုပါထုတ်ကုန်သည် ထုတ်ကုန်ပစ္စည်းအသစ်သော်လည်းကောင်း၊ ရှိရင်းစွဲထုတ်ကုန်ကို နည်းပညာအသစ်ဖြင့် ထုတ်လုပ်ထားခြင်းသော်လည်းကောင်း ဖြစ်ရမည်။ ထို့အတူ Startup ကိုယ်စားလှယ်များသည် ပိုင်ရှင် (သို့မဟုတ်)စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်တာဝန်ရှိသူများ (C Level)ရှိရမည်ဖြစ်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ် သတင်းနှင့်ပြန်ကြားရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

**ကိုရိုး**

# ကိုဗစ်-၁၉ အလွန် နှစ်ဝက်အတွင်း တရုတ်နိုင်ငံစီးပွားရေး ယမန်နှစ်ကာလတူထက် ၂ ဒသမ ၅ ရာနှုန်းတိုးတက်

**ပေကျင်း ဇူလိုင် ၂၈**

တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရို၏ အချက်အလက်များအရ ကိုဗစ်အလွန်ကာလ ယခုနှစ် ပထမ နှစ်ဝက်တွင် တရုတ်နိုင်ငံ၏ GDP သည် တရုတ်ယွမ်ငွေ ၅၆ ဒသမ ၂၆၄၂ ထရီလီယံယွမ်ဖြစ်ပြီး ယမန်နှစ် ကာလတူထက် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

တစ်နိုင်ငံလုံး၏ စက်မှုလုပ်ငန်းတိုးတက်မှုပမာဏသည် ယမန်နှစ်ကာလတူထက် ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ နွေရာသီ စားနပ်ရိက္ခာ စုစုပေါင်းထုတ်လုပ်မှုပမာဏသည် ၁၄၇ ဒသမ ၃၉ သန်းရှိကာ ယမန်နှစ်ထက် ၁ ဒသမ ၄၃၄ သန်း တိုးတက်လာခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းမှာမူ ယမန်နှစ်ကာလတူထက် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးလာခဲ့သည်ဟု ဖော်ပြထားသည်။

နိုင်ငံတစ်ခုလုံးအနေဖြင့် မြို့ပြ၌ အသစ်တိုးသည့် လုပ်ငန်းခွင်ဝင်သူလူဦးရေသည် ၆ ဒသမ ၅၄ သန်းရှိသည်။ အဆင့်မြင့်နည်းပညာ ကုန်ထုတ်လုပ်မှုလုပ်ငန်း တိုးတက်မှုပမာဏသည် ယမန်နှစ်ကာလတူထက် ၉ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ အဆင့်မြင့်နည်းပညာလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုသည် ၂၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ကို မြင်တွေ့ရသည်။



ကိုဗစ်အလွန်ကာလတွင် လည်ပတ်နေသော တရုတ်နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းတစ်ခု။

## ထိုင်းဆန်ကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့မှုတိုးမြှင့်ရန် ကြိုးပမ်းနေ



ထိုင်းနိုင်ငံလယ်ယာလုပ်ငန်းခွင်တစ်ခုမှ စပါးစိုက်ပျိုးနေသည့် လယ်သမားတစ်ဦး။

ထိုင်းနိုင်ငံသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဈေးကွက်ဝင်နှစ်တွင် ဆန်တန်ချိန် ရှစ်သန်း တင်ပို့နိုင်မည်ဟု ခန့်မှန်းထားပြီး ယခင်နှစ်ကထက် ၃၁ ရာခိုင်နှုန်း တိုးလာကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန၏ နိုင်ငံခြားစိုက်ပျိုးရေး ဝန်ဆောင်မှုကွန်ရက် အစီရင်ခံစာအရ သိရသည်။

ထိုင်းဘတ်ငွေ ကျဆင်းမှုကြောင့် ပို့ကုန်များ သိသိသာသာ တိုးလာပြီး ထပ်မံတိုးချဲ့တင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံသည် ဆန်တင်ပို့မှု ယှဉ်ပြိုင်နိုင်စွမ်း တိုးမြှင့်လာရန်အတွက် ၂၀၂၄ ခုနှစ်တွင် စီးပွားဖြစ်ဆန်အမျိုးအစားသစ် ၁၂ မျိုးအထိ တိုးချဲ့ထုတ်လုပ်သွားရန် စီစဉ်ထားရှိသည်။ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး Jurin Laksanawisit က ဝန်ကြီးဌာနသည် လက်ရှိဈေးကွက်နှင့် ဈေးကွက်အသစ် နှစ်ခုလုံးအတွက် ထိုင်းဆန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းကို အရှိန်မြှင့်တင် ဆောင်ရွက်ရန် ထိန်းချုပ်ကွပ်ကဲရေးဌာနတစ်ခုကို ထူထောင်ထားရှိကြောင်း ပြောကြားထားသည်။

စီးပွားဖြစ် ထုတ်လုပ်မည့် ဆန်အမျိုးအစားသစ် ၁၂ မျိုးမှာ ဆန်ကြမ်း လေးမျိုး၊ ဆန်ချော လေးမျိုး၊ ထိုင်းဆန်မွှေး နှစ်မျိုးနှင့် အာဟာရမြင့် ဆန်အမျိုးအစား နှစ်မျိုးဖြစ်ပြီး အဆိုပါဆန်အမျိုးအစားအသစ်များသည် ကမ္ဘာတစ်ဝန်းရှိ စားသုံးသူများအကြား ဝယ်လိုအား မြင့်တက်စေမည်ဖြစ်သည်။ ထိုင်းနိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ်တန်ချိန် ၁၈ ဒသမ ၈ သန်းမှ တန်ချိန် ၂၀ ဒသမ ၈ သန်းအထိ တိုးလာမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

## အာရှကုန်သွယ်မှုမြှင့်တင်ရေးဖိုရမ်(ATPF) Working Level အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ တက်ရောက်

အကြိမ် (၃၀)မြောက် အာရှကုန်သွယ်မှုမြှင့်တင်ရေးဖိုရမ်(30th Asia Trade Promotion Forum-ATPF)၏ Working Level အစည်းအဝေးကို ဇူလိုင် ၂၆ ရက်မှ ၂၇ ရက်အထိ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း၊ ကုန်သွယ်မှု ဖွံ့ဖြိုးရေးဌာနခွဲ ညွှန်ကြားရေးမှူးနှင့် ဘာသာရပ်ဆိုင်ရာအရာရှိများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးသည် ATPF အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ဆောင်ချက်များကို မြှင့်တင်နိုင်ရန်နှင့် ကိုဗစ်-၁၉ ကာလအလွန်တွင် ဆောင်ရွက်နေသည့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကိုမျှဝေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် အာရှဒေသမှ ATPF အဖွဲ့ဝင်နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကိုယ်စားလှယ် ၅၀ ကျော် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများဖြစ်သည့် JETRO၊ MATRADE၊ TWTC တို့က သက်ဆိုင်ရာခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်း "New Initiatives After Covid-19 In Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

အာရှကုန်သွယ်မှုမြှင့်တင်ရေးဖိုရမ်၏ (၃၅) ကြိမ်မြောက် CEO အစည်းအဝေးကိုလည်း အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## ဂါနာနိုင်ငံမှ နိုင်ငံတကာသို့ သရက်သီးတင်ပို့မှု ၂၈ ရာခိုင်နှုန်းတိုးတက်



၂၀၂၀ မှ ၂၀၂၁ ခုနှစ်အတွင်း ဂါနာနိုင်ငံ၏ သရက်သီးတင်ပို့မှုသည် ၂၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ ဂါနာ ပို့ကုန်မြှင့်တင်ရေးဗဟိုဌာန (Ghana Exports Promotions Authority-GEPA) ၏အချက်အလက်များအရ ဂါနာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် သရက်သီးတင်ပို့မှု တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၃ သန်းရှိရာမှ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၆ သန်းသို့ တိုးတက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ၂၀၂၁ ကမ္ဘာ့သရက်သီးတင်ပို့သည့်နိုင်ငံများစာရင်းတွင် ဂါနာနိုင်ငံအနေဖြင့် အဆင့် ၁၁ နေရာ၌ ရပ်တည်ခဲ့ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က သတင်းဖော်ပြထားသည်။

အဆိုပါသတင်းတွင် ၂၀၂၁ ခုနှစ်က UK နိုင်ငံ၏ သရက်သီးတင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၂၃၀ ရှိခဲ့သည့်အနက် ဂါနာနိုင်ငံသည် UK ဈေးကွက်အတွက် သရက်သီးအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ခဲ့ပြီး ဂျာမနီနိုင်ငံသို့ ကန်ဒေါ်လာ ၉ ဒသမ ၉ သန်း၊ ဆွစ်ဇာလန်သို့ ကန်ဒေါ်လာ ၆ ဒသမ ၁ သန်း၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ကန်ဒေါ်လာ ၂ ဒသမ ၇ သန်းနှင့် ပြင်သစ်သို့ ကန်ဒေါ်လာ ၁ ဒသမ ၂ သန်းဖိုးအထိ တင်သွင်းခဲ့ကြောင်း ဖော်ပြထားသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဂါနာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ သရက်သီးတင်ပို့မှု ၂၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံသို့ တင်ပို့မှုတွင် ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

အခွန်သက်သာခွင့် ပေးအပ်ထားမှု အခြေအနေများ၊ ဈေးကွက်ပျမ်းမျှ တိုးတက်မှုနှုန်းနှင့် ပထဝီအနေအထား အားသာချက်များအရ ဂါနာနိုင်ငံအနေဖြင့် ဈေးကွက်အမျိုးမျိုး ကွဲပြားတင်ပို့နိုင်ရေးအတွက် ရှာဖွေထိုးဖောက်ရန် အလားအလာရှိသည့် ဈေးကွက်သစ်များမှာ ရုရှား၊ စပိန်နှင့် ဟောင်ကောင်တို့ဖြစ်သည်ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# တရားမဝင်ကုန်သွယ်မှု တားဆီး/ဖမ်းဆီးနိုင်ရေးအတွက် တားဆီး/ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေချီးမြှင့်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းအသီးသီးမှ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ အရည်အသွေးနိမ့်လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ဆေးဝါးများနှင့် အခွန်ပေးဆောင်ထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဝင်ရောက်မှုအား ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များ ဖွဲ့စည်း၍ တားဆီး/ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာထိခိုက်ခြင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်လုပ်ကိုင်နေသော လုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်း၊ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ တားဆီးထိန်းချုပ်နိုင်ရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှသာ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၃။ တရားမဝင် တင်သွင်း/တင်ပို့မှုများနှင့် ပတ်သက်၍ တားဆီး/ဖမ်းဆီးပစ္စည်းများအပေါ် ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်း သို့မဟုတ် လေလံတင်ရောင်းချခြင်းမှ ရရှိငွေ၏ ၃၀ ရာခိုင်နှုန်းအား ဖမ်းဆီးသူများအားလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား သတင်းပေးသူများအားလည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၀) လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုငွေချီးမြှင့်လျက်ရှိသည်။

၄။ တရားမဝင် တင်သွင်း/တင်ပို့မှုများ တွေ့ရှိပါက တင်သွင်း/တင်ပို့ပစ္စည်းများနှင့် ပတ်သက်၍ တားဆီး/ဖမ်းဆီးနိုင်သည့် သတင်းအချက်အလက် တိတိကျကျဖော်ပြ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များထံသို့ တရားမဝင် တင်သွင်း/တင်ပို့ခြင်းအား ဖမ်းဆီးနိုင်ရေး လျှို့ဝှက်လုံခြုံစွာ သတင်းပေး၊ တိုင်ကြားနိုင်ပါသည်။

၅။ သတင်းပေးပို့သူနှင့်ပတ်သက်သော အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိမည် ဖြစ်ပါသည်။ သတင်းပေးပို့ခြင်းအတွက် ရရှိမည့်ဆုငွေများအား လျှို့ဝှက်စွာ ဆက်သွယ်အကြောင်းကြား၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ဆက်သွယ်ထုတ်ပေးသွားမည့်အပြင် သတင်းပေးသူအား လျှို့ဝှက်ထားရှိမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိပါသည်။

၆။ သတင်းပေးဆက်သွယ် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ဗန်းမော်မြို့ | ၀၉-၄၂၈၂၂၄၇၀၁<br>၀၉-၅၀၈၇၀၈၄ | |
| | | မြစ်ကြီးနားမြို့ | ၀၇၄-၂၅၂၉၅၁၂<br>၀၇၄-၂၅၂၃၇၆၃ | |
| ၂ | ကယားပြည်နယ် | လွိုင်ကော်မြို့ | ၀၉-၂၀၃၀၃၃၀<br>၀၉-၇၉၆၂၈၇၇၉၅<br>၀၉-၇၅၇၈၂၇၄၅၄ | |
| ၃ | ကရင်ပြည်နယ် | ဘားအံမြို့ | ၀၉-၂၆၁၁၇၉၀၆၂<br>၀၉-၅၀၆၆၅၆၉ | |
| | | ကော့ကရိတ်မြို့ | ၀၉-၄၄၂၇၇၅၅၆၈<br>၀၉-၇၈၇၆၀၅၉၉၆ | |
| | | မြဝတီမြို့ | ၀၉-၂၅၀၀၆၃၂၂၀<br>၀၉-၅၀၆၃၇၂၀ | |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့ | ၀၅-၇၂၀၂၇၁၆၁<br>၀၅-၇၂၀၂၁၀၆၉ | |
| | | မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း | ၀၅-၇၂၀၂၄၄၈၆<br>၀၅-၇၂၀၂၁၀၆၉<br>၀၅-၇၂၀၂၇၁၆၁ | |
| ၅ | ရခိုင်ပြည်နယ် | စစ်တွေမြို့ | ၀၉-၇၉၆၀၉၁၅၉၁<br>၀၄၃-၂၁၀၁၉<br>၀၉-၅၀၂၇၉၀၂ | |
| | | ကျောက်ဖြူမြို့ | ၀၉-၄၂၈၇၅၀၁၉၂ | |
| | | မောင်တောမြို့ | ၀၉-၂၅၄၄၄၇၁၄၃ | |
| ၆ | ရှမ်းပြည်နယ် | တောင်ကြီးမြို့ | ၀၉-၄၂၉၀၃၅၀၉၁<br>၀၉-၄၁၀၀၆၇၉၂ | |
| | | ကျိုင်းတုံမြို့ | ၀၉-၂၅၀၀၆၃၁၆၆<br>၀၉-၅၀၈၅၄၁၅ | |
| | | တာချီလိတ်မြို့ | ၀၉-၅၁၄၉၁၀၀<br>၀၉-၂၅၇၅၅၁၅၀ | |
| | | မိုင်းဆတ်မြို့ | ၀၉-၄၂၀၄၂၀၉၄၃<br>၀၉-၉၆၆၂၂၄၀၇၀ | |
| | | လားရှိုးမြို့ | ၀၉-၄၀၈၈၇၆၆၇၇<br>၀၉-၄၀၈၈၇၆၆၉၉ | |
| | | ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း | ၀၉-၂၁၅၀၂၂၈<br>၀၉-၅၄၀၈၉၅၇ | |
| | | မူဆယ်မြို့ | ၀၉-၂၅၅၇၇၂၃၂၂<br>၀၉-၆၈၆၃၉၀၃၀၆ | |
| | | မူဆယ်(OSS) | ၀၉-၅၁၉၃၅၆၄<br>၀၉-၇၈၅၄၁၄၄၃၃ | |
| ၇ | ချင်းပြည်နယ် | ဟားခါးမြို့ | ၀၇၀-၂၁၈၀၉<br>၀၇၀-၂၀၂၁၄၅၂ | |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာမြို့ | ၀၇၁-၂၁၁၆၁<br>၀၇၁-၂၀၂၁၁၆၁ | |
| | | တမူးမြို့ | ၀၉-၇၇၉၁၇၂၁၂<br>၀၉-၉၅၄၇၀၆၂၄၉<br>၀၉-၄၄၂၀၇၅၉၆၄ | |
| ၉ | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့ | ၀၉-၅၀၀၁၉၅၂<br>၀၉-၂၀၀၀၂၂၇<br>၀၂-၄၀၇၀၃၂၈ | |
| | | ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း | ၀၉-၅၃၂၂၉၈၅ | |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့ | ၀၉-၄၂၂၅၃၂၃၃၁<br>၀၉-၇၇၇၄၄၄၁၂၅ | |
| ၁၁ | မကွေးတိုင်းဒေသကြီး | မကွေးမြို့ | ၀၆၃-၂၀၂၈၇၁၆ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်မြို့ | ၀၉-၈၉၅၅၁၂၆၂၂<br>၀၉-၅၀၄၈၈၆၃<br>၀၉-၅၆၈၀၅၁၇ | |
| | | သီလဝါ(SEZ) | ၀၉-၄၃၁၆၁၃၉၅<br>၀၉-၇၆၉၉၃၄၃၁၇ | |
| | | ရန်ကုန်လေဆိပ် | ၀၉-၂၅၃၉၈၉၈၉၀<br>၀၁-၆၆၂၆၆၄ | |
| ၁၃ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့ | ၀၅၁-၂၂၀၁၈၇၅ | |
| ၁၄ | နေပြည်တော် | နေပြည်တော် | ၀၉-၇၈၅၀၄၂၃၇၄<br>၀၉-၅၁၈၄၁၄၂<br>၀၉-၇၅၅၈၅၅၈၃၉ | |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့ | ၀၉-၂၀၂၁၂၃၆<br>၀၉၅၀၇၆၃၄၆ | |
| | | ကော့သောင်းမြို့ | ၀၅၉-၂၀၅၁၀၀၅<br>၀၉-၂၆၀၉၇၈၃၇၇ | |
| | | မြိတ်မြို့ | ၀၉-၅၁၆၅၂၄၁<br>၀၉-၅၀၉၀၆၂၀<br>၀၉-၅၀၈၆၈၅၁ | |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် ကိုကိုးကျွန်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၄၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၇၁၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၇၂၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၂၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၀၀၁ ဦးနှင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၈၂၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၇-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** ဗေဒ္ဒသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၁:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးမှုကြောင့်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၂၉) (ဇာတ်သိမ်း)
**၁၆:၁၅** လူငယ်ရေးရာအစီအစဉ်
**၁၇:၁၅** ASEAN Information Exchange Initiative Program 2022(Part-4)
**၁၇:၃၀** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့ အိပ်မက်တန်ဖိုး' (အပိုင်း-၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** 'ချစ်သူဆွဲအား' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

**mitv**

**07:02** Evergreen Classic : Dhamma Set Taw (Sein Lei Lei)
**07:08** A Life In The Ring
**07:24** Mahar Thakya Atula Man Aung - Nga Htat Kyee
**07:41** The Lives of Stone Slab and Motor Makers
**08:01** Dances of Myanmar: Rvwang Traditional Dance
**08:06** Xylophones' Home
**08:27** Chef Life: Cho Wut Ye
**08:34** Myanmar Prehistory
**09:01** News
**09:26** Global Partnership for Brighter Future: Dominican Republic Pavilion at Expo 2020 Dubai
**09:33** Mosaic Painting (Precious Stones & Gems)
**09:44** Orchid Lover

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝပီကောင်းများပျော်စံရာဖိန်းမလုကျွန်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ပန်းလိုင်မွေး၍စွမ်းသည့်ဆေး
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့်အဓိပ္ပါယ်များ
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ငါးနုပ်မရှမ်းပြားမွန်ချက်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝဘာသာစကားပြောကြရအောင် (ဆွေမျိုးအခေါ်အဝေါ်များ)
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ပညာပန်းနှင့်အလှဆင်
**စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ငုံးမွေးမြူရေး

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီ
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၃၀** နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမခက်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** ကျေးလက်ကွန်ရက်
**၀၇:၁၅** ထန်းပင်တွေရဲ့အကြောင်း ထန်းတောင်သူတို့ရဲ့ဘဝ
**၀၈:၂၀** ကြည့်ရှုလေ့လာကြဲ့တစ်သျှူးနည်းပညာ
**၀၉:၂၅** ငွေနှင်းမှို
**၀၉:၄၅** ဆန်စပါးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် လေလွင့်ဆုံးရှုံးမှုလျှော့ချရေးကြိုးပမ်းမှုမှတ်တိုင်များ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၀-၇-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်၊ အတွဲ (၅၄)၊ အမှတ် (၃၁) တွင် စကားပြောဆိုရာတွင် ချိုသာယဉ်ကျေးစွာနှင့် နားဝင်ချိုအောင်ပြောဆိုသင့်ကြောင်း တင်ဆက်ထားသည့် "နှုတ်ချိုသျှိုတစ်ပါး" မျက်နှာဖုံးကာတွန်း၊ ဗဟုသုတဖြစ်ဖွယ်တင်ဆက်ထားသည့် "အောက်ဆီဂျင်ရရှိသော အစားအစာများ " သုတဆောင်းပါး၊ ကျေးဇူးရှင်ကို မပြစ်မှားမိသင့်ကြောင်းကို တင်ဆက်ထားသည့် "နဂါးမကြောက်သူ" နှစ်မျက်နှာကာတွန်း၊ ကျောင်းတက်မှန်လျှင် စာမခက်သည့်အကြောင်း သရုပ်ဖော်ထားသည့် "ကျောင်းမှန်မှန်တက်စာမခက်" တစ်မျက်နှာကာတွန်း၊ ရုပ်ဆိုးသော်လည်း ကူညီတတ်သောယုန်ကလေးအကြောင်း တင်ဆက်ထားသည့် "ရုပ်ဆိုးလေး" နှစ်မျက်နှာကာတွန်း၊ သူများပြောစကားများကို ကြားရရုံနဲ့မယုံမိစေရန် တင်ဆက်ထားသည့် "စကား" နှစ်မျက်နှာကာတွန်း၊ ချွေတာစုဆောင်းရင်းနဲ့ သူဋ္ဌေးဖြစ်သွားသည့်အကြောင်း တင်ဆက်ထားသည့် "ဖိုးတစ်တို"မျက်နှာဝက်ကာတွန်း၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍ၊ ပုံပြင်ကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## သီပေါမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေကြီးရေလျှံမှု မဖြစ်စေရေးဆောင်ရွက်

**သီပေါ ဇူလိုင် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေးဌာနသည် မြို့တွင်းသန့်ရှင်းသာယာလှပရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွင်း သာမန်အသုံးစရိတ်ခွင့်ပြုငွေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့မဈေးကြီးအနောက်ဘက် လူသွားလမ်းပလက်ဖောင်းကို အဆင့်မြှင့်ပြုပြင်မွမ်းမံခြင်း၊ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် အရှည်ပေ ၂၇၀ ရှိ မြို့လယ်ချောင်းအား ကျောက်ရိုးစီခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်ကြီးကြပ်၍ တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈- ၇ - ၂၀၂၂

**ရွှေ**

၂၈-၇-၂၀၂၂ ဈေးနှုန်း

| | | | | |
|---|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၇၅ ကျပ် | ၂၁၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၃၀ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၀၅ ကျပ် | ၁၈၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၅၅ ကျပ် | ၁၈၉၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၈၇ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၉ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၀၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၆ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၄ . ၂၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၈၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၂၀၀ | ၄၃၀ | ၃၀၉၆၀၀၀ |
| MTSH | ၂၄၅၀ | ၂၅၀၀ | ၂၆၃၇ | ၆၅၆၅၇၅၀ |
| MCB | ၇၀၀၀ | ၆၉၀၀ | ၁၄၉ | ၁၀၄၂၅၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၃၅ | ၈၄၀၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၃၅ | ၈၅၇၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မန်းချောင်းရေလှောင်တမံနှင့် အိုင်းမဆည်ရေသောက်ဧရိယာအတွင်း စိမ်းလန်းလာတော့မည့် မိုးစပါးစိုက်ခင်းများ

အောင်ကိုကို

**မကွေးတိုင်းဒေသကြီးသည် အပူပိုင်းဒေသဖြစ်သော်လည်း မန်းချောင်းရေလှောင်တမံကြောင့် ဆည်ရေသောက် ဒေသစိုက်ပျိုးရေးသည် ရာသီပတ်လုံး လည်ပတ်နေသည်။ ရခိုင်ရိုးမတောင်တန်းများပေါ်မှ စီးဆင်းလာသော ချောင်းများနှင့် မန်းချောင်းကိုပိတ်၍ မန်းချောင်းရေလှောင်တမံကို တည်ဆောက်ကာ ဒေသစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေကို ပေးဝေလျက်ရှိသည်။**



အိုင်းမဆည်ကို တွေ့ရစဉ်။

မန်းချောင်း ရေလှောင်တမံကို ၁၉၉၅-၁၉၉၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ဆည်တည်ဆောက်ပြီးစီးခဲ့သည့် ၁၉၉၈-၁၉၉၉ ခုနှစ်တွင် ပြီးစီးမှ စတင်ကာ ဒေသစိုက်ပျိုးရေးအတွက် ဆည်ရေပေးဝေလျက်ရှိသည်။ မန်းချောင်းရေလှောင်တမံသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် တည်ရှိပြီး တမံအလျား ပေ ၄၄၈၀၊ တမံအမြင့် ၁၃၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၂၀၀၀၀ နှင့် ရေဆင်း ဧရိယာ ၁၃၆ စတုရန်းမိုင် ရှိသည်။

### စိုက်ပျိုးမြေများသို့ ရေပေးဝေလျက်ရှိ

မန်းချောင်းရေလှောင်တမံ ဆည်ရေသောက်စနစ်တွင် စိုက်ပျိုးနိုင်သည့် စိစစ်ဧက ၃၁၈၅ ဧကရှိသည်။ မန်းချောင်းရေလှောင်တမံ ဆည်ရေကို မင်းဘူး(စကု)မြို့နယ်ရှိ အိုင်းမရေလွှဲဆည်သို့ ရေကူးပေးဝေလျက်ရှိကာ အိုင်းမရေလွှဲဆည် ရေသောက်စနစ်တွင် စိစစ်ဧက ၃၆၁၈၉ ဧက တည်ရှိသည်။ အိုင်းမရေလွှဲဆည်မှ မင်းဘူး၊ စကု၊ ပွင့်ဖြူမြို့နယ်များရှိ စိုက်ပျိုးမြေများသို့ ရေပေးဝေလျက်ရှိသည်။

"ဒီရေလှောင်တမံရေကို လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းနဲ့ ရေပေးဝေတယ်။ ရေလှောင်တမံကရေကိုရေလှောင်တမံ အောက်ဘက်က အိုင်းမရေလွှဲဆည်ကနေပြီးတော့လည်း ပေးဝေပါတယ်။ ရေပေးဝေတာကို နေရာနဲ့ ပြောရရင် ငဖဲ၊ မင်းဘူးနဲ့ စကုမြို့နယ် စိုက်ဧကတွေက များတယ်။ ပွင့်ဖြူမြို့နယ်ကတော့ နယ်အစပ်ဖြစ်တဲ့အတွက် စိုက်ဧကနည်းနည်းပဲပါတယ်။ ပွင့်ဖြူမြို့နယ် စိုက်ဧကတွေကို အဓိကရေပေးတာက မုန်းချောင်းပေါ်က မဲဇလီရေလွှဲဆည်က ဖြစ်ပါတယ် " ဟု မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဇင်သက်က ပြောသည်။

### စိုက်ပျိုးရန် လျာထား

ယခုနှစ် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီတွင် မန်းချောင်းတမံ ဆည်ရေသောက်စနစ်မှ စိုက်ပျိုးဧက ၂၉၇၁ ဧကနှင့် အိုင်းမရေလွှဲဆည် ရေသောက်စနစ်မှ ၃၂၃၉၃ ဧက စုစုပေါင်း ၃၅၃၆၄ ဧက စိုက်ပျိုးရန် လျာထားပြီးဖြစ်ကြောင်း မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ နွေသီးနှံများ ရိတ်သိမ်းပြီး မိုးစပါး စိုက်ပျိုးရန် ပျိုးထောင်ချိန်ဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်မှစတင်ကာ စိုက်ပျိုးရေပေးဝေနေပြီဖြစ်သည်။

### စုစုပေါင်း ၃၅၃၆၄ ဧက စိုက်ပျိုးနိုင်ခဲ့

"ပြီးခဲ့တဲ့ ၂၀၂၁-၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ မန်းချောင်းတမံကနေ ၁၆၉၃ ဧက၊ အိုင်းမရေလွှဲဆည်က ဧက ၁၅၆၄၀ စုစုပေါင်း ၁၇၃၃၃ ဧက စိုက်ပျိုးခဲ့ပြီး ဖြစ်ပါတယ်။ မိုးစပါးမှာတော့ မန်းချောင်းတမံကနေ ၂၉၇၁ ဧက၊ အိုင်းမရေလွှဲဆည်က ၃၂၃၉၃ ဧက စုစုပေါင်း ၃၅၃၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။

မန်းချောင်းရေလှောင်တမံ ရေသိုလှောင်မှုပမာဏအရ ၂၀၂၁-၂၀၂၂ ခုနှစ် မိုးစပါး ၃၅၃၆၄ ဧက၊ နွေသီးနှံ ၁၇၃၃၃ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။ ထို့အတူ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး လျာထားဧက ၃၅၃၆၄ ဧကအတွက်ပါ ပျိုးထောင်ရေ အပြည့်အဝ ပေးဝေခဲ့ပြီးဖြစ်ကြောင်း မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရှိရသည်။

### စုပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိ

"အခုက စပါးပျိုးထောင်ကာလဆိုတော့ ဆည်ရေပြတ်တောက်မှုမရှိဖို့၊ ရေပြည့်ဝဖူလုံစွာ ရရှိဖို့ ဆည်မြောင်းဌာနက စနစ်တကျ စီမံခန့်ခွဲပေးဝေနေပါတယ်။ ကျွန်တော်တို့ တောင်သူတွေဘက်ကလည်း ရေကို အလေအလွင့်မရှိ စည်းကမ်းနဲ့ သုံးစွဲစေဖို့ရာ ဌာနဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး မြောင်းတွေကို ပြုပြင်တာ၊ ရေခွဲဝေသုံးစွဲမှု၊ စီမံခန့်ခွဲမှုအတွက် တောင်သူတွေပါဝင်တဲ့ ရေအသုံးချသူများ အဖွဲ့တွေ စုပေါင်းညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်" ဟု ညောင်ကိုင်းကျေးရွာ WUG ခေါင်းဆောင် ဦးထွန်းထွန်းက ပြောကြားသည်။

မန်းချောင်းရေလှောင်တမံနှင့် အိုင်းမရေသောက်စနစ်အတွင်း ရေအသုံးချသူများအဖွဲ့ (Water User Group – WUG) အဖွဲ့ပေါင်း ၅၀ ကျော် ဖွဲ့စည်းပြီး ဆည်ရေသုံးစွဲမှု စနစ်တကျ ခွဲဝေသုံးစွဲရေး၊ တောင်သူအချင်းချင်း ဆည်ရေရယူမှု အငြင်းပွားမှုအား စုပေါင်းညှိနှိုင်းဖြေရှင်းစေခြင်း၊ လယ်ကြားမြောင်းများ၊ ရေယူမြောင်းများအား စနစ်တကျ တူးဖော်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

### ဆည်ရေကို လုံလောက်စွာ ပေးဝေ

"ကျွန်တော်တို့ ရေသိုလှောင်မှုပမာဏအရ မနှစ်ကမိုးစပါး၊ နွေစပါးအတွက် ဆည်ရေကို လုံလောက်စွာ အပြည့်အဝ ပေးဝေထားခဲ့ပြီး ဖြစ်ပါတယ်။ အခုနှစ်အတွက် ပျိုးထောင်ရေတော့ ပေးဝေပြီးဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိတမံအတွင်း လက်ကျန်သိုလှောင်ရေပမာဏကတော့ သတ်မှတ်ချက်အောက်မှာ ရှိနေပါတယ်။ မိုးရွာသွန်းမှုရှိရင် သတ်မှတ်ရေလှောင်ပမာဏ ရရင်တော့ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးလျာထားဧကအားလုံး ဆည်ရေအပြည့်အဝပေးဝေနိုင်မှာ ဖြစ်ပါတယ်" ဟု ဦးစီးအရာရှိ(မြို့ပြ) က ပြောသည်။

ဒေသစိုက်ပျိုးရေးအတွက် ရာသီဥတုအခြေအနေ အပြောင်းအလဲများကြားမှ ရာသီအလိုက်သီးနှံများ စိုက်ပျိုးရာတွင် နိုင်ငံတော်နှင့် တောင်သူများအကျိုးစီးပွားကို ရှေးရှု၍ စိုက်ပျိုးရေပြည့်ဝဖူလုံစွာရရှိရေး၊ ဆည်ရေစနစ်တကျ စီမံခန့်ခွဲနိုင်ရေး၊ လက်တွေ့ကျကျ စီမံဆောင်ရွက်နိုင်ရေးများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တောင်သူများ၊ ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့များနှင့် အစဉ်ပူးပေါင်းပြီး မျက်ခြည်မပြတ် စီမံဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးလှိုင်က ပြောသည်။

ဒေသတွင်း တောင်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ ဒေသတွင်း စားသုံးဆီဖူလုံရေး၊ တစ်သီးစားမှသည် နှစ်သီးစား၊ သုံးသီးစားအထိ တိုးမြှင့်စိုက်ပျိုးနိုင်ရေး၊ နည်းပညာအကူအညီ ရရှိရေး၊ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး လူမှုရေး၊ စီးပွားရေးများ၊ စားနပ်ရိက္ခာဖူလုံရေး အစရှိသည့် အခြေခံစနစ်များ ခိုင်မာရေးအတွက် အထောက်အကူဖြစ်စေနိုင်ရန် ရည်ရွယ်ကာ မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့် သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်း၍ ပြည်ကျိုးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ထမ်းဆောင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"ဒေသစိုက်ပျိုးရေးအတွက် ရာသီဥတုအခြေအနေ အပြောင်းအလဲများကြားမှ ရာသီအလိုက်သီးနှံများ စိုက်ပျိုးရာတွင် နိုင်ငံတော်နှင့် တောင်သူများအကျိုးစီးပွားကို ရှေးရှု၍ စိုက်ပျိုးရေပြည့်ဝဖူလုံစွာရရှိရေး၊ ဆည်ရေစနစ်တကျ စီမံခန့်ခွဲနိုင်ရေး၊ လက်တွေ့ကျကျ စီမံဆောင်ရွက်နိုင်ရေးများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တောင်သူများ၊ ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့များနှင့် အစဉ်ပူးပေါင်းပြီး မျက်ခြည်မပြတ် စီမံဆောင်ရွက်လျက်ရှိ"**

# ကျိုင်းတုံမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော



**ကျိုင်းတုံ ဇူလိုင် ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အားကစားမှူး ဦးစိုင်းချစ်အောင်က လူငယ်/လူရွယ်များ ငယ်ရွယ်စဉ်အချိန်မှစ၍ လမ်းမှားသို့မရောက်ရှိစေရေးအတွက် အားလပ်ချိန်များတွင် အားကစားကိုလုပ်ဆောင်စေလိုကြောင်းနှင့် ကျောင်းသား ကျောင်းသူများ အသိပညာနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ အကျင့်စာရိတ္တနှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပေါ်ပေါက်လာစေရေး စသည့် လူငယ်ရေးရာ အသိပညာပေးအကြောင်းအရာများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အားကစားမှူးက ကျောင်းအတွက် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ခြင်းလုံး အစရှိသည့်အားကစားပစ္စည်းများကို ပံ့ပိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်

(ပြန်/ဆက်)

# ရောဝတီတိုင်းဒေသကြီး၌ တိုင်းရင်းသား ပုံပြ ပုံပြင်စာအုပ် ၁၀၆၄၀၀ ကျော် ဖြန့်ဝေပေးမည်

ပုသိမ် ဇူလိုင် ၂၈

ရောဝတီတိုင်းဒေသကြီးအတွင်းမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းကိုယ်စားလှယ်များသို့ တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များ ပေးအပ်ပွဲကို ပုသိမ်မြို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

စာအုပ်များပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တိုင်းရင်းသားတို့၏ စာပေ၊ယဉ်ကျေးမှုနှင့်ဘာသာစကားတို့ကို အားပေးမြှင့်တင်ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှုတို့ကို ပိုမိုရရှိစေရန် ရည်ရွယ်၍ တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း ၂၀၁၇–၂၀၁၈ ပညာသင်နှစ်မှစ၍ စကောကရင်၊ ပိုးကရင်၊ အရှိုချင်းနှင့် ရခိုင်တိုင်းရင်းသားဘာသာစာပေသင် Teaching Assistant(TA)၊ Language Assistant(LA) ဆရာ ဆရာမများ ခန့်ထားပေးနိုင်ခဲ့ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းကိုယ်စားလှယ်များသို့ တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များ ပေးအပ်ခဲ့ပြီး ခင်းကျင်းပြသထားသည့် တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များ၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု သမိုင်းမှတ်တမ်းစာအုပ်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဝတ်စားဆင်ယင်မှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှည့်လည်ကြည့်ရှု အားပေးသည်။ **(အပေါ်ပုံ)**



ရောဝတီတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံးအနေဖြင့် တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များ ပေးအပ်ခြင်းကို ၂၀၁၉–၂၀၂၀ ပညာသင်နှစ်က တစ်ကြိမ်၊ ၂၀၂၀–၂၀၂၁ ပညာသင်နှစ်က တစ်ကြိမ် ဖြန့်ဝေပေးခဲ့ပြီး ယခု ၂၀၂၂–၂၀၂၃ ပညာသင်နှစ်တွင် စကောကရင်၊ ပိုးကရင်၊ အရှိုချင်း၊ ဗမာ၊ မွန်နှင့် ရခိုင်တိုင်းရင်းသား ပုံပြ ပုံပြင်စာအုပ်ပေါင်း ၁၀၆၄၀၀ ကျော်ကို ဖြန့်ဝေပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းရွာသစ်မြို့ လမ်းဦးစီးဌာနက ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ရှမ်းရွာသစ် ဇူလိုင် ၂၈

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မေလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့သည့် လမ်းဘေးဝဲယာ ကျောက်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်းများ ယခုအချိန်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လမ်းဦးစီးဌာန၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၄ သန်းဖြင့် အရှည် မီတာ ၄၇၀ ရှိ လမ်းဘေးဝဲယာ ကျောက်စီရေမြောင်းခင်းခြင်းလုပ်ငန်း၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၆၉ ဒသမ ၆ သန်းဖြင့် တံတားချဉ်းကပ်လမ်း အရှည် ၆၁ မီတာနှင့် အမြင့် ၃ ဒသမ ၆၆ မီတာရှိ ကျောက်စီ မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ အရည်အသွေးပြည့်မီရေးအတွက် စနစ်တကျ ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် မြေထိန်းနံရံများ တောင်ကျရေတိုက်စားမှုအန္တရာယ်မှ ကင်းဝေးမည့်အပြင် ရေနုတ်မြောင်းများလည်း ရေစီးရေလာကောင်းမွန်ပြီး မြို့တွင်းသန့်ရှင်း သာယာလှပ၍ လမ်းပန်းဆက်သွယ်ရေးလည်း ယခင်ကထက် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဇင်လေး(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၅) ရပ်ကွက်နေ ရွှန်းစန္ဒာ(ခ) ဒေးဒေးသည် ၎င်းအသုံးပြုသည့် “Day Day” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၄) ရပ်ကွက်နေ ပြည့်စုံအောင်သည် ၎င်းအသုံးပြုသည့် “Pyae Sone Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ မြသက်မွန်သည် ၎င်းအသုံးပြုသည့် “Mya Thet Mon” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကြောင်လျှာပြားကျေးရွာနေ ဉာဏ်လင်းထွေး(ခ) ကိုလင်းသည် ၎င်းအသုံးပြုသည့် “Ko Linn” Facebook အကောင့်၊ မြောက်ဥက္ကလာပမြို့နယ်နေ မေသက်ပိုင် (ခ) ပြည့်ပြည့်သည် ၎င်းအသုံးပြုသည့် “Pyai Pyai” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**



## ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း ဆီမီးဖိုင်နယ်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၂၂ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ပိုက်ကျော်ခြင်း (အမျိုးသား) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက စက်မှုဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၂၉ ရက် **(ယနေ့)** နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ တတိယလုပွဲအဖြစ် စက်မှုဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲပြိုင်ပွဲအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သဖြင့် ပြိုင်ပွဲများအပြီး ဆုပေးပွဲ အခမ်းအနားအား ဆက်လက် ကျင်းပသွားမည်ဖြစ်ရာ ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားသည့်မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

**အားကာမောင်**

## အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲ မြန်မာနှင့် သြစတြေးလျ ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇူလိုင် ၂၈**

အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို ဇူလိုင် ၂၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပထမနေရာအတွက် သြစတြေးလျအသင်းနှင့် အဆုံးအဖြတ် ကစားရမည်ဖြစ်သည်။

အုပ်စု (ခ) နောက်ဆုံးပွဲအဖြစ် မြန်မာနှင့် သြစတြေးလျ၊ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် တစ်ချိန်တည်းယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု (ခ) တွင် ပါဝင်သည့် အသင်းများအနက် မြန်မာနှင့် သြစတြေးလျအသင်းသည် နှစ်ပွဲစီကစားအပြီးတွင် ရမှတ်ခြောက်မှတ်စီဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့ကစားမည့်နောက်ဆုံးပွဲမှာ အုပ်စုပထမနေရာအတွက်သာ အဆုံးအဖြတ်ကစားရမည်ဖြစ်သည်။ ဖိလစ်ပိုင်နှင့် မလေးရှားအသင်းတို့မှာ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသဖြင့် အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။

သြစတြေးလျအသင်းသည် မြန်မာအသင်းထက် ဂိုးကွာခြားချက် အသာရထားသဖြင့် သရေကစားရုံဖြင့် အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်သည်။ သြစတြေးလျအသင်းသည် ပြိုင်ပွဲမတိုင်မီက ယူ-၁၅ အသင်းကိုသာ စေလွှတ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိတွင် ယူ-၁၇ ကစားသမား အများစုဖြင့်လာရောက် ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း နည်းပြချုပ်ကိုယ်တိုင် ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် အတည်ပြုထားသည်။ ထို့ကြောင့် မြန်မာအသင်းအနေဖြင့် သြစတြေးလျကို ယှဉ်ကစားနိုင်ရန် ခက်ခဲပြီး ဆီမီးဖိုင်နယ်လည်း တက်ရောက်ပြီးဖြစ်ရာ နောက်တစ်ဆင့်တွင် ထိုင်း သို့မဟုတ် ဗီယက်နမ်နှင့် တွေ့ဆုံနိုင်သဖြင့် အမာခံကစားသမားအချို့ကို အနားပေးဖွယ်ရှိနေသည်။

အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ အိမ်ရှင်အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် စင်ကာပူတို့ ဝင်ရောက်ယှဉ်ပြိုင်နေပြီး ဇူလိုင် ၃၀ ရက်မှ အုပ်စုပွဲများ ပြီးဆုံးမည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**



## တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၉ နှစ်အောက် ဘောလုံး အုပ်စုပတ်လည်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂၈**



အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ် (၁)နှင့် ကွင်းအမှတ်(၃)တို့၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ ပဲခူးတိုင်း ဒေသကြီးအသင်းနှင့် မကွေးတိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန္တလေးတိုင်း ဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ရှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြသည်။

ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ၃၀-၇-၂၀၂၂ ရက်နေ့ နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ မန္တလေးတိုင်း ဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်း ဒေသကြီးအသင်း၊ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ ကချင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**အားကာမောင်**

## အာရှ အမျိုးသမီးကလပ်ပြိုင်ပွဲ အရှေ့အာရှဇုန်တွင် မြန်မာ၊ ထိုင်းနှင့် တရုတ် (တိုင်ပေ) ကလပ်များ ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၂၈**

အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ၂၀၂၂ အာရှ အမျိုးသမီးကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အရှေ့အာရှဇုန်တွင် မြန်မာ၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)ကလပ်များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အရှေ့အာရှဇုန်ပွဲစဉ်များကို ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် အားကာသိပ္ပံအသင်း၊ ထိုင်းကလပ် College Of Asian Scholars အသင်း၊ တရုတ်(တိုင်ပေ)ကလပ် Taichung Blue Whale အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ် အာရှ အမျိုးသမီးကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှဇုန်တွင် မြန်မာ၊ ထိုင်း၊ တရုတ်(တိုင်ပေ)ကလပ်များ၊ အနောက်အာရှဇုန်တွင် အီရန်၊ ဂျော်ဒန်၊ အိန္ဒိယနှင့် ဥဇဘက်ကစ္စတန်ကလပ်များ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီး လိဂ်ပြိုင်ပွဲကိုလည်း ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိသဖြင့် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈-၂၀၁၉ ရာသီတွင် ဗိုလ်စွဲခဲ့သည့် အားကာသိပ္ပံအသင်းက ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဩဂုတ် ၁၅ ရက်တွင် အားကာသိပ္ပံ (မြန်မာ) နှင့် Taichung Blue Whale (တရုတ်တိုင်ပေ)၊ ဩဂုတ် ၁၈ ရက်တွင် အားကာသိပ္ပံ (မြန်မာ) နှင့် College Of Asian Scholars (ထိုင်း)၊ ဩဂုတ် ၂၁ ရက်တွင် College Of Asian Scholars (ထိုင်း) နှင့် Taichung Blue Whale (တရုတ်တိုင်ပေ)၊ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇုန်တစ်ခုစီမှ အမှတ်အများဆုံးအသင်းမှာ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အောက်တိုဘာတွင် ဗိုလ်လုပွဲကစား ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ပထမဆုံးနှစ်တွင် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ သြစတြေးလျကလပ်များဖြင့် ကျင်းပခဲ့ကာ နောက်ပိုင်းနှစ်များတွင် ယင်းနိုင်ငံများမှ ကလပ်များမပါဝင်တော့ဘဲ ဇုန်နှစ်ခုခွဲ၍ ပြုလုပ်ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်လွင်**

# ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ် သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၇၂ တုံး (အလေးချိန် ၂၃ ဒသမ ၉၈ ကီလို) ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၇၂ တုံး (အလေးချိန် ၂၃ ဒသမ ၉၈ ကီလို) ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် တကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကာလိမှ မိုင်းပျဉ်းဘက်သို့ ချိန်ဟုပ် မောင်းနှင်ပြီး မရှိန်ဟွယ် လိုက်ပါလာသည့် Crown Royal Saloon မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၇၂ တုံး (အလေးချိန် ၂၃ ဒသမ ၉၈ ကီလို) သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ



သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်မှ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ဦးခွန်လာ(ဘ)ဦးကံ ၁၃/တကန(နိုင်)၁၁၉၉၁၂ မှ ဒေါ်ဥမ္မာအောင် (ဘ)ဦးကြံအောင် ၁၃/တကန(နိုင်)၀၀၅၁၈၈ သို့ ၂၂-၂-၂၀၁၉ ရက်တွင် တရားရုံးချုပ်ရှေ့နေ ဦးစီလိုင်(နိုတြီ)ထံတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်မာရီ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၃)
ပ/၁၅၆၊ ကြံ့ခိုင်ရေးလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း-၀၉-၇၉၆၈၄၃၀၇၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊(ဒဂုံမြို့သစ်(အရှေ့)ပိုင်းမြို့နယ်)၊ ယခုအခေါ် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၃၆)၊ အကျယ်အဝန်းအလျား ၄၀ပေ x အနံ ၆၀ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရပ်ကတိအဆင့်ဆင့်အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိပြီး ဦးဌေးမောင် ၉/ကပတ(နိုင်)၁၅၁၇၂၄ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေအချို့တဝက် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောကျော်စွာထွဋ်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)
တိုက်(၉/၁၁)၊ မြေညီထပ်၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၄၀၆၅၅၇၃၈

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်း၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၈

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်က မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဓာတ်မြေသြဇာ အိတ် ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)၊ ဒူးယားစီးကရက် ၆၅၀၀ တောင့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀)၊ လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၅၀၀၀)၊ တရုတ်နိုင်ငံထုတ် (DLNA)တံဆိပ် အထိုင်ဖုန်း ၅၉၈ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၉၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဇူလိုင် ၂၆ ရက်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု တာတကြီးကျွန်း အရှေ့တောင်ဘက်တွင် တရားမဝင် တောင်ဘိန်း သစ်ခွဲသား ၅ ဒသမ ၂၃၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၅၃၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် သစ်သားကိုယ်ထည်လှေတစ်စင်းနှင့် ဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း၊ ဇူလိုင် ၂၇ ရက်တွင် ထားဝယ်မြို့ ဗျောတောဝရပ်ကွက် စစ်ဆေးရေးဂိတ်၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပကာရီကျေးရွာ၊ လိပ်ကြပ်ပြောင်းကျေးရွာမှ ထားဝယ်မြို့ဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော ခဲသတ္တုရောရာ ၃၁၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၃၄၅၃၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်မြို့နယ်အတွင်း၌ တရားမဝင် ရေနံစိမ်းဂါလန် ၁၀၀ နှင့် ရေနံတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသားနှင့် ကျွန်းပရိဘောဂ အပိုင်းအစများ ၀ ဒသမ ၅၆၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၈၈၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Probox အမျိုးအစားမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၇၄၈၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော အကောက်ခွန်စစ်ဆေးရေးအဖွဲ့က ကျိုင်းတုံမြို့မှ တောင်ကြီးမြို့အထွက်တွင် ကင်းလှည့်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းဖောင်းရွာအနီး၌ အကောက်ခွန်မဲ့ အင်ဂျင်ဝိုင်ဘူး ၆၅ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင် ကျွန်းသစ် ၁၀ ဒသမ ၁၁၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၆၈၅၂) ကို သစ်တောဥပဒေအရလည်းကောင်း၊ တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Cheng Long အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို လည်းကောင်း၊ ထပ်မံ၍ ကုန်တင်ယာဉ်တစ်စီးပေါ်၌ အထည်အလိပ်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၇၀၆၂၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၁၃၃၁၀၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၈၇၉၅၁၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



# မြိတ်မြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၈**- မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၇ ရက် ညနေ ၆ နာရီခွဲက မြိတ်မြို့ အလယ်ကျွန်းရပ်ကွက်နေ ဟန်လင်းအောင် (ခ) ဟန်လင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တိုးအောင်ကို တွေ့ရှိရပြီး ၎င်းတို့ နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ယင်းနေ့ ည ၇ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ကန်ဖျားရပ်ကွက်နေ မြင့်လွင်(ခ)ဆိုင်းဘုတ်၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ ၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁၂

အောင်ပင်လယ် လယ်ယာ နှင့် အထွေထွေရောင်းဝယ်ရေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက် (၎င်း၏ကိုယ်စား-ဒေါ်ဇင်ရတနာမျိုး မန်နေဂျာ) နှင့် ဒေါ်နိုးနိုးစန်း(ခ)ဒေါ်နိုးနိုးဆန်း

(တရားလို) (တရားပြိုင်)

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဝါးတန်းမြောက်ရပ်၊ မှန်တန်းရပ်ကွက်နေ ဒေါ်နိုးနိုးစန်း(ခ) ဒေါ်နိုးနိုးဆန်း(ဘ)ဦးသိန်းကြွယ် ၉/အမရ(နိုင်)၁၂၀၄၀၅ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို အောင်ပင်လယ် လယ်ယာနှင့် အထွေထွေရောင်းဝယ်ရေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက် (၎င်း၏ကိုယ်စား-ဒေါ်ဇင်ရတနာမျိုး၊ မန်နေဂျာ)က အသင်းထံမှချေးယူထားသောငွေပေါင်း (၁၄,၈၆၄,၆၂၅) ကျပ် ရလိုမှုလျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများ နှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီရိအောင်)
ဒုတိယခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၃

အောင်ပင်လယ် လယ်ယာနှင့်အထွေထွေရောင်းဝယ်ရေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက် [၎င်း၏ကိုယ်စား-ဒေါ်ဇင်ရတနာမျိုး(မန်နေဂျာ)] နှင့် ဒေါ်ခင်သန်းဆွေ

တရားလို တရားပြိုင်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အကွက်အမှတ်(၅၉၈)၊ တောင်ကြီးရပ်ကွက်၊ အရှေ့ဆင်တိုင်ရပ် (ယခင်လိပ်စာ)(ယခုလိပ်စာမသိ)နေ ဒေါ်ခင်သန်းဆွေ သိစေရမည်။

သင့်အပေါ်၌ အောင်ပင်လယ် လယ်ယာနှင့် အထွေထွေရောင်းဝယ်ရေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက် [၎င်း၏ကိုယ်စား ဒေါ်ဇင်ရတနာမျိုး(မန်နေဂျာ)]က "အသင်းထံမှ ချေးယူထားသောငွေပေါင်း(၃၂,၉၇၀,၀၀၀/-)ကျပ်ရလိုမှု လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဩဂုတ် ၁၆ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုင်လင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင် အမှတ်(၃၄၆)၊ မြေကွက် အမှတ်(ဒ-၈၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေအား မြို့မြေနေရာချထားရေးနှင့် စီမံခန့်ခွဲရေး ကော်မတီမှ ဦးစိုးသိန်း (AMA-၁၀၃၄၅၈)အမည်ဖြင့် မြေပေးမိန့်မှတ်တမ်းစာအုပ်အမှတ်စဉ်(၀၈၅၉)ဖြင့် မြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါမြေအား ဦးစိုးသိန်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဇော်လွင် ၈/ခမန(နိုင်) ၁၀၄၆၀၇မှ ဦးစိုးသိန်းအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ပါ သဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၂/ညံတောအနောက်)၊ ဦးပိုင် အမှတ်(၂၁)၊ ဧရိယာ ၀ ဒသမ ၀၅၆ဧကရှိမြေအား မြေငှားဂရန်အမှုတွဲအမှတ် (၃၀၃/ ၁၉၉၂-၁၉၉၃)အရ ဒေါ်ညွန့်ကြည်အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားပြီး အဆိုပါမြေအား ဒေါ်ဝေဝေ ၉/မနမ(နိုင်)၀၄၃၁၂၈မှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ သဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

